ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ရက်၊ တနင်္လာနေ့ (25-4-2011)(၆၇၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မိုးစပါးမျိုးသစ်ကို အရည်အသွေး၊ ထုတ်လုပ်မှုစရိတ်သက်သာမှု ရှိ/မရှိ စမ်းသပ်စိုက်ပျိုး

နေပြည်တော် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် တိုင်းဒေသကြီး လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းတို့သည် ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြစ်သားမြို့နယ် သီလကျေးရွာအုပ်စုရှိ ရွှေနန်းတော်စိုက်ကွင်း၌ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေ၊ အသုံးပြုစိုက်ပျိုးသော မိုးစပါး၏ အရည်အသွေး၊ စိုက်ပျိုးထုတ်လုပ်သော ကုန်ကျစရိတ်သက်သာမှု ရှိ/မရှိ စမ်းသပ်၍ စတင်စိုက်ပျိုးသော စပါးမျိုးကို စမ်းသပ်စိုက်ကွင်း၌ စိုက်ပျိုးပြီးမှသာ မိုးစပါးအသစ်ကို စမ်းသပ်စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးစိုက်ပျိုးပညာပေးစခန်း ဝက်လက်အုပ်စု တောင်သူဦးကြင်ခဲ၏ စီးပွားဖြစ် မျိုးသန့်စပါးစိုက်ခင်း ဧက ၅၀ စိုက်ပျိုးထားရှိမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဆူးချင်ကုန်းကျေးရွာ ဝွေးပင်ရိုးအုပ်စု ကွင်းအမှတ်(၁၆၆)ရှိ ရေလှောင်ကန်တွင်းမှ စိုက်ပျိုးရေအသုံးပြုထားသော ဇရုတ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများ၏ ဝါစိုက်ပျိုးရရှိမှုအခြေအနေကို မေးမြန်းဆွေးနွေးကာ ရမည်းသင်းမြို့ အရှေ့တောင်ဘက်ရှိ ကျီးနီကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ် ရယူပေးခဲ့သည့် ရဲမင်းဆွေ။

အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာတို့ ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးနှစ်ခု ဆွတ်ခူးရရှိထား

ရန်ကုန် ဧပြီ ၂၄

ဒုတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပလျက်ရှိရာ ဧပြီ ၂၃ ရက် ပွဲစဉ်များအပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးနှစ်ခု ဆွတ်ခူးရရှိထားသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ရဲမင်းဆွေက Compound အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၉ ဒသမ ၆ မှတ်ဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုများကို အောင်ငြိမ်းက အမျိုးသမီး Compound တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲမှ တစ်ခုနှင့် သင်းသင်းခိုင်က **စာမျက်နှာ ၇ ကော်လံ ၁ သို့**❖

ဈေးကွက်ဝင်ပြီး အကျိုးအမြတ်ဖြစ်ထွန်းသော သစ်မွှေးပင်များ စိတ်ဝင်တစား စိုက်ပျိုးလာကြ

သတင်းမှတ်စုနှင့် ဓာတ်ပုံ ➤ ကိုကြီးသာ

ဈေးကွက်ဝင်ပြီး အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိသော နှစ်ရှည်ပင်တစ်မျိုးဖြစ်သည့် သစ်မွှေးပင်ကို ယခုအခါ စိတ်ဝင်စားသူများပြားပြီး စိုက်ပျိုးသူ များပြားလာကြောင်း သိရသည်။

သစ်မွှေးပင်ကို စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ပုဂ္ဂလိက စိုက်ပျိုးသူများက အပင်အရေအတွက် သိန်းနှင့်ချီ၍ စိုက်ပျိုးနေကြကြောင်း သိရသည်။ ကချင်ပြည်နယ်မှထွက်ရှိသော သစ်မွှေးမျိုးသည် ကမ္ဘာ့တန်းဝင် အကောင်းဆုံးသစ်မွှေးတစ်မျိုးဖြစ်သည်ဟုလည်း သိရသည်။

သစ်မွှေးကို ရှေးယခင်ခေတ်များမှသည် ယနေ့တိုင် အများအပြားသုံးစွဲနေကြ၍ ဥရောပနိုင်ငံများ၊ အာရပ်နိုင်ငံများ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အခြားသောနိုင်ငံများတွင် သစ်မွှေးဈေးကွက်ကြီးတစ်ခု အခိုင်အမာဖြစ်ပေါ်နေကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**❖

သစ်မွှေးပင်၏ပင်စည်အတွင်းသို့ ကပ်ပါးမှို ထိုးသွင်းပေးစဉ်။

ထူးခြားသည့် နေ့အပူချိန်များ (၂၄-၄-၂၀၁၁)

မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်	ဇောင်းတူ	၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၁ ဒီဂရီစင်တီဂရိတ်	သိမ်ဇရပ်	၄၁ ဒီဂရီစင်တီဂရိတ်

၂၅-၄-၂၀၁၁
(တနင်္လာနေ့)

စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံခေတ်နောက်ကျမကျန်ရစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ စီမံကိန်းလုပ်ငန်းကြီးများသည် အဓိကအရေးပါသောလုပ်ငန်းများ ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းစုံကို ပြန်ပြောင်းကြည့်ရာ၌ အချို့စီမံကိန်းလုပ်ငန်းများမှာ ပြီးပြတ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ခံစားနေရပြီ။အချို့စီမံကိန်းလုပ်ငန်းကြီးများမှာ လုပ်လက်စ မပြီးပြတ်သေးသောလုပ်ငန်းများအဖြစ် ရှိနေသည်။ အချို့စီမံကိန်းလုပ်ငန်းကြီးများမှာ ယခုမှ စတင်ဆောင်ရွက်သော လုပ်ငန်းများဖြစ်သည်ကို တွေ့ရသည်။အချို့စီမံကိန်းလုပ်ငန်းကြီးများမှာ အခြေအနေပေးလျှင်ပေးသလိုလုပ်ရန် ကြိုတင်စီမံထားသော လုပ်ငန်းများဖြစ်သည်ကို တွေ့ရသည်။

ထို့ကြောင့် မပြီးပြတ်သေးသောလုပ်ငန်းများ၊ စတင်ဆောင်ရွက်စလုပ်ငန်းများ၊ မလုပ်နိုင်သေးသော လုပ်ငန်းကြီးများကို ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ဧပြီလ ၂၂ ရက်နေ့က ကျင်းပပြုလုပ်သည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"လုပ်လက်စ မပြီးပြတ်သေးသောလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဖိဖိစီးစီးလုပ်ကိုင်ကြရန်၊ စတင်ဆောင်ရွက်စလုပ်ငန်းများကိုလည်း လျာထားပေးနိုင်သည့် ဘတ်ဂျက်အပေါ်ကြည့်ပြီး အရေးကြီးလိုအပ်လျှင် လိုအပ်သလို ဦးစားပေးအဆင့်ခွဲပြီး လုပ်သွားရန်၊ လုပ်ငန်းကိုပြီးလိုဇောနှင့် အလောတကြီးမလုပ်ဘဲ လုပ်နိုင်သော ငွေကြေးအတိုင်းအဆပေါ်ကြည့်ပြီး လုပ်ကြရန်၊ တချို့လုပ်ငန်းများကို ဆက်လုပ်နိုင်အောင် အစပျိုးပေးထားရန်"** ပြောကြားသွားခဲ့ပေသည်။

နိုင်ငံတော်သမ္မတ၏ ပြောကြားချက်နှင့်အညီ စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိဆင်းပြီး မကုန်သင့်သည်များကို မကုန်ကျအောင် စိစစ်သုံးစွဲရေး၊ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ မသမာမှု မရှိစေရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ ကြိုးစားသောဝန်ထမ်းများကို ချီးမြှင့်မြှောက်စားရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးကြရမည့်အပြင် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး တက်ညီလက်ညီဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံအလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းလုပ်ငန်းကြီးများ မလွဲမသွေ အောင်မြင်ပြီးမြောက်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်၌ အဆောက်အအုံဆောက်လုပ်ရာတွင် ရိုးရိုးမြေအုတ်အစား ဖြုန်းအုတ်၊ ပန်းဘလောက်အုတ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာ

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဈေးနှုန်းချိုသာပြီး ခိုင်ခံ့သစ်လွင်လှပသော ဖြုန်းအုတ်၊ ပန်းဘလောက်အုတ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်။ အဆိုပါအုတ်များကို နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ရေကျော်ကျေးရွာတွင် စီးပွားဖြစ်ထုတ်လုပ်၍ လူနေအိမ်တိုက်ခန်းများ၊ ရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။

ဇေယျာသီရိမြို့နယ် ရေကျော်ကျေးရွာတွင် စီးပွားဖြစ်ထုတ်လုပ်နေသည့် ဖြုန်းအုတ်များ၊ ပန်းဘလောက်အုတ်များကို တွေ့ရစဉ်။

ဖြုန်းအုတ်များ၊ ပန်းဘလောက်အုတ်များမှာ ကျောက်ခွဲစက်များမှ ဘေးထွက်ပစ္စည်းအဖြစ်ထွက်ရှိသော ကျောက်မှုန့်များကို ဘိလပ်မြေ၊ ထုံး၊ ရေတို့ဖြင့် အချိုးကျရောစပ်ပြီး ပုံသွင်းစက်တွင် ပုံဖော်နေလှန်းပြီး ရရှိလာသော အုတ်များဖြစ်သည်။ ဖြုန်းအုတ်များကို ကျောက်မှုန့် ဂေါ် ၁၆၀၊ ဘိလပ်မြေကြမ်း နှစ်အိတ်၊ ဘိလပ်မြေချော တစ်အိတ်နှင့် ရေသမအောင်ရောစပ်ပြီး နေလှန်းခြင်းဖြင့် ဖြုန်းအုတ် ၁၂၀ ထွက်ရှိသည်။ ၉၄၃ အုတ် (၉ လက်မ × ၃ လက်မ × ၂ လက်မ) ဖြုန်းအုတ်များ ပြုလုပ်ရာ၌ အုတ် ၁၃၀ ထွက်ရှိသည်။ (တစ်ပေခွဲ၊ တစ်ပေ)ဖြုန်းအုတ်များကို ပြုလုပ်ရာ၌ အုတ် ၂၅ လုံး ထွက်ရှိသည်။ (တစ်ပေခွဲ၊ တစ်ပေ)ဖြုန်းအုတ်များကို နံရံထူထပ်သော အဆောက်အအုံများတွင် နံရံစီအုတ်များဖြင့် ပုံဖော်အသုံးပြုလျက်ရှိကြောင်း သိရသည်။ ပန်းဘလောက်အုတ်များကို အထက်ပါအတိုင်း အချိုးကျ ရောစပ်ပြုလုပ်ရာတွင် ပန်းဘလောက်အုတ် ၁၀၀ ထွက်ရှိသည်။ ပန်းဘလောက်အုတ်များကို တိုက်အဆောက်အအုံများ၏ အလင်းရောင်ရရှိရန်နှင့် လေဝင်လေထွက်ရရှိရန် နေရာများအတွက် အသုံးပြုလျက်ရှိသည်။ ၎င်းဖြုန်းအုတ်၊ ပန်းဘလောက်အုတ်များ အသုံးပြုခြင်းဖြင့် ပိုမိုခိုင်ခံ့ကြောင်း သိရှိရပြီး နေပြည်တော် နေရာအနှံ့အပြားတွင် ဖြုန်းအုတ် အသေး ၂၀၀ ကျပ် ၁၈ လက်မ× ၁၉လက်မ ဖြုန်းအုတ်များကို ၈၀၀ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

(ကြေးမုံ)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း အဓိကလမ်းမကြီးများနှင့် အဖွဲ့ပိုင်ဈေးများ၌ အမှိုက်သိမ်းဆည်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (16th MGC Junior Golf Open Championships 2011) ကို မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉-မိုင်၊ ပြည်လမ်း)၌ ကျင်းပမည်ဖြစ်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀) နှစ် အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် မေ ၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်၊ ပြည်လမ်း)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ ဖြစ်မြောက်ရေးနှင့် ဆုများကို Han Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်ကာ ထပ်မံပံ့ပိုးလိုသော အလှူရှင်နှင့် အဖွဲ့အစည်းများရှိပါက စီမံ(မန်နေဂျာ) ဖုန်း-၆၆၅၅၃၁ နှင့် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂ နှင့် ၆၆၅၅၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗန်းမောက်မြို့နယ်ရှိ ကျေးရွာအချို့၌ ကျွဲ၊ နွားရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကြောင်လည်၊ မံလူ၊ မံစီ၊ မံယူကြီး၊ စာခမ်း၊ စီကတောင်၊ နားနန်းထွန်း၊ နောင်ပတ်နှင့် ဂဏန်းရွှေကျောင်း ကျေးရွာအုပ်စုများ၌ ကျွဲ၊ နွားရောဂါ မဖြစ်ပွားရေး ဇုန်နယ်မြေများခွဲခြားလျက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာကာကွယ်ကုသရေးသင်တန်းဆင်းများ ပါဝင်သော အင်အား ၇၀ ဖြင့် ကျေးရွာများအနှံ့ ကွင်းဆင်း၍ကြိုတင်ကာကွယ်ကုသခြင်း၊ ဟောပြောပို့ချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ကွင်းဆင်းစစ်ဆေး၍ ကျေးရွာအလိုက် ဒေသခံလုပ်ငန်းရှင်များ၏ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးဦးစီးဌာနမှူးများ၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများ၊ ဗန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ဗန်းမောက်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့အတွင်း လှည့်လည်၍ ကျွဲ၊ နွားများ ရောဂါကာကွယ်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

လျှင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံများ ထုတ်ပေး

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကျကူနီကျေးရွာရှိ လျှင်ဘေးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသွားသူ ၃၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများ ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မိုင်းကိုးကျေးရွာအုပ်စု ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများကို တစ်ဦးချင်း ပေးအပ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း ၁၃၇ စောင်ကိုလည်း အသစ်ပြန်လည် ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးမြစိန်-ဒေါ်ကြည်ကြည်ဇင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် သံဃာကုဋီတစ်လုံးနှင့် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(သတင်းစဉ်)

✤ **ရွှေဖုံးမှ**

အရည်အသွေးမီသစ်မွှေး (Agar Wood) တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ မှ ၂၀၀၀၀ အထိ၊ သစ်မွှေးဆီကို တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ခန့်အထိ ဈေးပေါက်ကြောင်း အင်တာနက်သတင်းများအရ သိရသည်။

သစ်မွှေးပင်စိုက်ပျိုးသော ပညာရှင်တစ်ဦးက "သစ်မွှေးပင်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့အတွက် စိုက်ပျိုးသင့်ပါတယ်၊ အခု သစ်မွှေးပျိုးပင်တွေကို ကုမ္ပဏီတွေက အရွယ်အစားလိုက်ပြီး ရောင်းချပေးနေပါတယ်၊ ခုနစ်လသား၊ ရှစ်လသား အရွယ် ပျိုးပင်တစ်ပင်ကို ငွေကျပ် ၈၀၀၊ ၁၀၀၀၊ တစ်နှစ် သုံးလသား၊ လေးလသား(တစ်ပေခွဲအရွယ်)အပင်ကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ ၊ နှစ်ပေအရွယ်ပျိုးပင်ကို ငွေကျပ် ၂၅၀၀ စသည်ဖြင့် ရောင်းချပေးနေကြပါတယ်။ သစ်မွှေးပင်ကို စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် သစ်မွှေးဆီ ဖြစ်စေမယ့် ကပ်ပါးမှိုကို ပင်စည်ထဲ ထိုးသွင်းပေးရပါတယ်။ ခုနစ်နှစ်လောက်ကြာရင် ခုတ်လှဲပြီး ဈေးကွက်ကို တင်ပို့နိုင်ပါတယ်။ ဈေးကွက်ဝင် သစ်မွှေးရဲ့ အဆင့်အတန်းနဲ့ အရည်အသွေးဟာ ကပ်ပါးမှိုထိုးသွင်းပြီး နှစ်ကြာရှည်မှုအပေါ်မှာလည်း မူတည်ပါတယ်" ဟု ပြောသည်။

သစ်မွှေးပင်ကို စရိတ်စက နည်းနည်းဖြင့် စိုက်ပျိုးနိုင်သလောက် အပင် အရေအတွက်ကို မိမိ၏ အိမ်ခြံဝင်း(သို့မဟုတ်)မြေကွက်များတွင် စိုက်ပျိုးမည်ဆိုပါက လူမှုဘဝစီးပွားများ တိုးတက်မြင့်မားလာကြမည်ဖြစ်သည်။ ။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော ကလိုင်-ကသဲကုန်းကျေးရွာချင်းဆက်မြေသားလမ်းပေါ်ရှိ သစ်သားတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(ကြေးမုံ)

ကွမ်းခြံကုန်းမြို့နယ်မှ ကျေးရွာငါးရွာသို့ ဆက်သွယ်သော ငှက်ကြီးဒေါင်-သောင်ခုန်ကျေးရွာချင်းဆက်လမ်းအား စက်ယန္တရားဖြင့် မြေသားဆောင်ရွက်နေမှုကို ဧပြီ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့်အဖွဲ့ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

နိုင်ငံတကာရုပ်ရှင်အနုပညာရုပ်ဝန်း

နိုင်ငံတကာရုပ်ရှင်အနုပညာရုပ်ဝန်း

ဂျက်ကီချန်းနှင့် ကျန်ကျိုယီတို့ ပေကျင်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်

ဂျက်ကီချန်း၊ ကျန်ကျိုယီနှင့် တရုတ်ရုပ်ရှင်လောကမှ အခြားထိပ်တန်း အနုပညာရှင်များသည် ပထမအကြိမ် ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့ကြသည်။

ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲကို စနေနေ့က တရုတ်နိုင်ငံ အနုပညာရေးရာ ကျင်းပရေးဗဟိုဌာနတွင် ကျင်းပခဲ့ရာ အခြားထိပ်တန်း အနုပညာရှင်များဖြစ်သည့် ဒါရိုက်တာ ဖန်ရှောက်ကန်းနှင့် ပီတာချန်း၊ ကွန်ဖူးအကျော်အမော် ဆမ်မိုဟွန်၊ မင်းသမီး ချော ဖန်ပင်ပင်းနှင့် တန်ဝေတို့လည်း တက်ရောက်ခဲ့ကြသည်။ နိုင်ငံခြားဧည့်သည်တော်အဖြစ် The Lion King ရုပ်ရှင်ကားကို ဖန်တီးခဲ့သည့် ဒါရိုက်တာ ရော့မင်ကော့ဖ်လည်း တက်ရောက်ခဲ့သည်။

"မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်သည်လည်း တစ်ကမ္ဘာလုံးက စိတ်ဝင်စားသည့် ရုပ်ရှင်ပွဲတော်တစ်ခု ဖြစ်လာမည်မှာ အသေအချာပါပဲ"ဟု ဂျက်ကီချန်းက သူ၏မျှော်လင့်ချက်ကို ထုတ်ဖော်ပြောဆိုသည်။

မင်းသမီး ဖန်ပင်ပင်းကလည်း နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ခု တရုတ်နိုင်ငံ၏ မြို့တော် ပေကျင်းတွင် ကျင်းပရန်မှာ တရုတ် ရုပ်ရှင်လောကသားများ၏ အိပ်မက်တစ်ခုပါပဲဟု ဆိုသည်။ ယခု လောလောဆယ် တရုတ်ခေါင်းဆောင်များက နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ရှန်ဟိုင်းမြို့တွင် ကျင်းပလျက်ရှိသည်။

"တစ်ကမ္ဘာလုံးက စိတ်ဝင်စားသည့် ရုပ်ရှင်ပွဲတော်တစ်ခု ဖြစ်လာမည်မှာ အသေအချာပါ"

ဂျက်ကီချန်း

အင်တာနက်။

(၆၂)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်ကျင်းပခဲ့သည့် အဆောက်အအုံ။

ဘောလိဝုဒ်၏ အကောင်းဆုံးရုပ်ရှင်ကား ကန်းရုပ်ရှင်ပွဲတော်တွင် ပြသမည်

အိန္ဒိယဒါရိုက်တာ ရှီခါကပူး ရိုက်ကူးခဲ့သည့် ဘောလိဝုဒ်ရုပ်ရှင်သမိုင်းတွင် အကောင်းဆုံး ဇာတ်ကားအဖြစ် သတ်မှတ်ထားသော ပြသချိန် ၈၁ မိနစ်ကြာ ဘောလိဝုဒ်ရုပ်ရှင်ကားကို ယခုနှစ် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်တွင် ပြသမည်ဖြစ်သည်။

ဒါရိုက်တာကပူး ရိုက်ကူးခဲ့သည့် ဘောလိဝုဒ်ရုပ်ရှင်ကား The Greatest Love Story Ever Told "ပြောခဲ့ဖူးသမျှ အခမ်းနားဆုံးချစ်ပုံပြင်" ဇာတ်ကားကို ပြသမှ ကန်းရုပ်ရှင်ပွဲတော်သည် ပြီးပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ပွဲတော်တာဝန်ရှိသူများက ပြောကြားသည်။

ဒါရိုက်တာကပူးသည် မင်းသမီး ကိတ်ဘလန့်ချက်ကို ဗြိတိသျှ မင်းမျိုးမင်းနွယ်တစ်ဦးအဖြစ် သရုပ်ဆောင်ရိုက်ကူးခဲ့သည့် Elizabeth ရုပ်ရှင်ဇာတ်ကားဖြင့် နိုင်ငံတကာရုပ်ရှင်လောကသို့ ထိုးဖောက်ဝင်ရောက်လာသူဖြစ်သည်။

"ပြောခဲ့ဖူးသမျှ အခမ်းနားဆုံးချစ်ပုံပြင်" ဇာတ်ကားကို ဖန်တီးခဲ့သည့် ဒါရိုက်တာကပူးသည်လည်း ၂၀၁၀ ခုနှစ်အတွက် ကျင်းပမည့် ကန်းရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

(၆၄)ကြိမ်မြောက် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံတွင် မေ ၁၁ ရက်မှ ၂၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

Love Again ဇာတ်ကားတွင် ရှုစားကြရမည့် ကွန်ဆန်ဝူး(ဆုန်ဂျူး)နှင့် ဆီစီလီယာချောင်။

ကွန်ဆန်ဝူး(ဆုန်ဂျူး)နှင့် ဆီစီလီယာချောင်တို့၏ တွဲဖက်သရုပ်ဆောင်မှုကို ကြည့်ရှုကြရမည်

မင်းသားကွန်ဆန်ဝူး(ဆုန်ဂျူး)နှင့် မင်းသမီး ဆီစီလီယာချောင်တို့ တွဲဖက်သရုပ်ဆောင်ထားသည့် Love Again ဇာတ်ကားကို ဧပြီ ၂၆ ရက်တွင် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့တွင် မိတ်ဆက်သဘောစမ်းသပ်ပြသပြီး ယခုနှစ် ကုန်ပိုင်းတွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆီစီလီယာချောင်သည် ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် ၁၉၉၈ ခုနှစ်မှ စတင်ပြီး အနုပညာလောကသို့ ဝင်ရောက်လာသူဖြစ်သည်။ နောက်တစ်နှစ်တွင် စတီဖင်ချို၏ King of Comedy ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ ရောက်ရှိလာသည်။ ၁၉၉၉ ခုနှစ် ဟောင်ကောင်ရုပ်ရှင်ဆုများတွင် Fly Me to Polaris ဇာတ်ကားဖြင့် အကောင်းဆုံးမျက်နှာသစ်သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။

ဆီစီလီယာချောင်သည် သရုပ်ဆောင်မှုအပိုင်းတွင်သာမက ဂီတဘက်တွင်လည်း ၁၉၉၉ ခုနှစ်တွင် သူမ၏ ပထမဆုံးတေးအယ်လ်ဘမ်ဖြစ်သည့် Any Weather ကို ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်တွင် ဟောင်ကောင်ရုပ်ရှင်ဆုများတွင် Lost in Time ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့သည်။

အသက် (၃၄) နှစ်ရှိပြီဖြစ်သည့် ကွန်ဆန်ဝူးသည် ရုပ်သံဇာတ်လမ်းတွဲများ၊ ရုပ်ရှင်ကားများဖြင့် ၂၀၀၁ ခုနှစ်မှစ၍ အနုပညာလောကသို့ ရောက်ရှိလာပြီး အာရှပရိသတ်များအကြား ရေပန်းစားသွားသည့် ဇာတ်ကားမှာ ၂၀၀၃ ခုနှစ်က ရုပ်သံဇာတ်လမ်းတွဲ Stairway to Heaven ဇာတ်ကားဖြစ်သည်။ ထို့အပြင် ကွန်ဆန်ဝူးသည် စစ်ကားဖြစ်သည့် 71 Into the Fire ဇာတ်ကားနှင့် The President ရုပ်သံဇာတ်လမ်းတွဲကိုလည်း မင်းသမီးကို ဟွန်ဂျန်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ဖူးသည်။

ကွန်ဆန်ဝူးသည် မကြာသေးမီက မင်းသမီးဂျန်အာရိဝန်နှင့်တွဲဖက်၍ Pain အမည်ရှိ စိတ်ကူးယဉ်ချစ်ဇာတ်လမ်းရိုက်ကွင်းလည်း ပြီးဆုံးသွားသကဲ့သို့ ဟောင်ကောင်အက်ရှင်မင်းသား ဂျက်ကီချန်းနှင့် တွဲဖက်၍ Armour of God ဇာတ်ကားကိုလည်း ဆက်လက်ရိုက်ကူးလျက်ရှိသည်။

အင်တာနက်။

အောဝမ်းစိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ခန္ဓာငါးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၂)**
၈း၄၅	ပျော်စရာကြီး Live Show (အပိုင်း-၁)
၉း၁၅	ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်. . .
၉း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်း သိကောင်းစရာ)
၁၀း၀၀	"ကြက်သွန်"စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ဆိပ်ဖြူမြို့တစ်ခွင်
၁၀း၁၀	သာသနာရောင်ဝါထွန်းလင်းဖြာ ဖျာပုံမြို့နယ်မှ ဂျိုဝါကြံခင်းကျေးရွာ
၁၀း၃၀	Activities In The City (သူနာပြုသိပ္ပံကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၀း၄၅	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင်ဓာတုလျှော့ချ သုံးစွဲကြ. . . (အင်းလေး)
၁၁း၂၀	Celebrity Choice (ရတနာမိုင်)
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	ဒဂုံဆယ်တော်မူစေတီနှင့် ရွှေလင်းယုန်ဆရာတော် သာသနာပြုလုပ်ငန်းများ
၁၂း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားလုံးကြော်နှင့် သခွားသီးမှိုခြောက်ဟင်းချို)
၁း၀၀	"ခန္ဓာငါးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ
၂း၄၅	လေ့လာသင်ယူပါ School of Logisties and Supply Chain Management... မှာ
၃း၀၀	သဇင်ရေကျော်မှ သာသနာ့အောင်ပွဲ
၃း၁၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၄)**
၄း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၂)**
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၂၅	Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၅)**
၇း၃၀	ပျော်စရာကြီး Live Show (အပိုင်း-၂)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၃)**
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၃၅	နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၁၀း၅၅	International Show Biz
၁၁း၁၀	တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၁၁း၃၅	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
၁၂း၀၅	ကော်ဇောမှာအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
၁၂း၃၀	Box Office Movies (Avator)
၁၂း၅၀	ခနေ့ရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၁၂း၅၅	Celebrity Profile (Lee Byaung Hun)
၁း၄၀	စိတ်၏စွမ်းအား Aikido အားကစား
၁း၅၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၂း၁၅	လယ်တီသာသနာ လယ်တီကျောက်စာ
၂း၄၅	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၄း၁၅	ဒွါရာဝတီ၏အနုပညာ. . . ဝါးရက်ကန်းလက်ရာ
၄း၃၅	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၄း၄၅	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၄း၅၅	ဖူးစို့ ဘုရားစုံ မြို့ဖျာပုံ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Blackburn - Man City	ESPN (Live)

ဂျပန်တပ်ဖွဲ့ဝင် ၂၅၀၀၀ လျှော်ဆူနာမီအလောင်းများ ရှာဖွေကြမည်

တိုကျို ဧပြီ ၂၄

လွန်ခဲ့သည့်လက မြေငလျင်နှင့် ဆူနာမီ ရေလှိုင်းဒဏ်ကြောင့် သေဆုံးခဲ့ကြရသူတို့၏ အလောင်းများကို မြေပြင်ရေပြင်အနှံ့ အစွမ်းကုန်ရှာဖွေရန်အတွက် သဘာဝကပ်ဆိုးကြီးကျရောက်ခဲ့သည့်ရပ်ဝန်းသို့ တပ်ဖွဲ့ဝင် ၂၅၀၀၀ ကို သင်္ဘောများ၊ လေယာဉ်များနှင့်အတူ တနင်္လာနေ့တွင် စေလွှတ်မည်ဖြစ်ကြောင်း ဂျပန်စစ်ဘက်ကပြောကြားသည်။

ချွတ်ယွင်းသွားသည့် နျူကလီးယားစက်ရုံ၏ ပတ်ပတ်လည်နေထိုင်သူများ ရွှေ့ပြောင်းသွားသောနယ်မြေတစ်ဝန်းသို့ တိရစ္ဆာန်ဆရာဝန်များအဖွဲ့တစ်ဖွဲ့ စေလွှတ်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာန တာဝန်ရှိသူများကလည်း စီစဉ်လျက်ရှိသည်။ ၎င်းအဖွဲ့သည် ရွှေ့ပြောင်းသွားသူများ စွန့်ပစ်ခဲ့ကြသည့် နွားများ၊ ဝက်များနှင့် ကြက်တို့ကို ရှာဖွေထိန်း သိမ်းကြရမည်ဖြစ်သည်။

သို့သော် ထိုတိရစ္ဆာန်အများစုသည် စောင့်ရှောက်မှုကင်းမဲ့ခြင်းနှင့် အစာရေစာငတ်မွတ်ခြင်းတို့ကြောင့် သေဆုံးကုန်ကြပြီဟု ယူဆရသည်။ သေအံ့မူးမူးဖြစ်နေသည့် တိရစ္ဆာန်များကိုလည်း ညင်သာစွာဇီဝိန်ချုပ်ပေးရန် အစိုးရကစဉ်းစားလျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။

မတ် ၁၁ ရက်က ဖြစ်ပွားခဲ့သည့် ကြီးမားပြင်းထန်သည့် ဆူနာမီရေလှိုင်းနှင့် မြေငလျင်တို့ကြောင့် သေဆုံးသူ အရေအတွက်သည် ယခုအချိန်ထိ ၁၄၃၀၀ ရှိပြီဟု အတည်ပြုထားသည်။ နောက်ထပ် ၁၂၀၀၀ မှာ ပျောက်ဆုံးလျက်ရှိ၍ သေဆုံးကုန်ကြပြီဟု ယူဆသည်။ ၎င်းတို့၏ အလောင်းအချို့မှာ ပင်လယ်အတွင်းသို့ မျောပါသွားပြီး အချို့မှာ အပျက်အစီးများအောက်တွင် ရှိနေကြသည်။ အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် အပျက်အစီးများကို ရှင်းလင်းရာတွင် အလောင်းအချို့ကို တွေ့ရှိခဲ့ ကြရသည်ဟု ဆိုသည်။

ဂျပန်မြေငလျင်နှင့် ဆူနာမီဘေးဒုက္ခကပ်မှ ကယ်ဆယ်လာသူများကို ဂျပန်တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ပို့ဆောင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ၎င်းတို့၏တပ်ဖွဲ့ဝင်များသည် အလောင်းရှာဖွေရေးလုပ်ငန်းကို စစ်ဆင်ရေးတစ်ခုကဲ့သို့ အစွမ်းကုန်ဆောင်ရွက်မည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ **အေပီ။**

ဂျပန်မြေငလျင်နှင့် ဆူနာမီဒုက္ခသည်များအတွက် နေအိမ် ၁၀၀၀၀၀ တည်ဆောက်မည်

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်လက မြေငလျင်နှင့် ဆူနာမီ ရေလှိုင်းဒဏ်ခံခဲ့ကြရသော ပြည်သူများအတွက် ယာယီနေအိမ်အလုံးပေါင်း ၁၀၀၀၀၀ တည်ဆောက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အထူးရန်ပုံငွေ ဒေါ်လာ ၄၇ ဘီလီယံ (ယန်း ၄ထရီလီယံ) ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဂျပန်အစိုးရက မတ် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် လမ်းများ၊ ပင်လယ်ဆိပ်ကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးခြံများနှင့် နေအိမ်များပျက်စီးခဲ့ရပြီး ဖူကူရှိမားနျူကလီးယားဓာတ်အားပေးစက်ရုံ၏ အအေးခံစနစ် အလုပ်မလုပ်တော့သဖြင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ရသည်။

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်သည် မကြာသေးမီက သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသူများအတွက် ဖွင့်လှစ်ထားသော ယာယီခိုလှုံရေးစခန်းများသို့ သွားရောက်ကာ ဒုက္ခသည်များနှင့် တွေ့ဆုံခဲ့သည်။

ဒုက္ခသည်များအနေဖြင့် မူလအခြေအနေအတိုင်း နေထိုင်နိုင်ရန် အစိုးရက အစွမ်းကုန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ကတိပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် မတ် ၁၁ရက်က မြေငလျင်လှုပ်ခဲ့ပြီး ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့မှုကြောင့် လူပေါင်း ၂၇၀၀၀ ကျော်သေဆုံး သို့မဟုတ် ပျောက်ဆုံးမှုဖြစ်ပွားခဲ့ရသည်။ **အင်တာနက်။**

တာလီဘန်ဆန့်ကျင်ရေး ပါကစ္စတန်ခေါင်းဆောင် ဗုံးခွဲလုပ်ကြံခံရ

ဘာဂျာဝါမျိုးနွယ်စုဒေသ ဆာလာဇိုင်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စလာမ္မာဘတ် ဧပြီ ၂၄

အာဖဂန်နစ္စတန်နယ်စပ်အနီး နယ်စွန်နယ်ဖျား မျိုးနွယ်စုဒေသတွင် ပြင်းထန်စွာဗုံးပေါက်ကွဲခဲ့ရာ တာလီဘန်ဆန့်ကျင်ရေး ပါကစ္စတန်ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း ဘာဂျာဝါမျိုးနွယ်စုတို့၏ဒေသမှ ခါမြို့၏ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာ ဆာလာဇိုင်းအရပ်တွင် ဖြစ်ပွားခဲ့သည့် စနေနေ့ဗုံးပေါက်ကွဲမှု၌ မျိုးနွယ်စုအကြီးအကဲ မာလစ်မာနာဆစ်ခန် သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အသေခံဗုံးခွဲတိုက်ခိုက်

အဆိုပါဖြစ်ရပ်တွင် ငါးဦးဒဏ်ရာရရှိ၍ ဆေးရုံသို့တင်ပို့ခဲ့ရာ အခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိဟု ဆိုသည်။

မာလစ်မာနာဆစ်ခန်စီးနင်းလိုက်ပါလာသည့်ကားရှေ့တွင် လူတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ငါးယောက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲအရာရှိ ဂျာဗက်ခန်ကပြောသည်။

ယင်းဒေသအတွင်းမှ ထောက်လှမ်းရေးအရာရှိများက အဆိုပါတိုက်ခိုက်မှုနှင့် သေဆုံးသူအရေအတွက်ကို အတည်ပြုသည်။ မည်သည့်အဖွဲ့အစည်းကမျှ ထိုတိုက်ခိုက်မှုကို တာဝန်ရှိကြောင်း မကြေညာသော်လည်း တာလီဘန်တို့အား ထောက်ခံသောစစ်သွေးကြွများ၏ လက်ရာဖြစ်ဖွယ်ရှိသည်ဟုဆိုသည်။ မာနာဆစ်ခန်သည် ၎င်းအားစစ်သွေးကြွများက လေးကြိမ်တိတိ လုပ်ကြံခဲ့သော်လည်း လွတ်မြောက်ခဲ့သူဖြစ်သည်။ **အင်တာနက်။**

အီလက်ထရွန်နစ်-စာအုပ် တရုတ်နိုင်ငံ၌ ဖတ်ရှုသမျှ

ပေကျင်း ဧပြီ ၂၄

တရုတ်နိုင်ငံ၌ အသက် ၁၈ နှစ်မှ ၇၀ အကြားရှိပြည်သူများသည် ၂၀၁၀ ခုနှစ်အတွင်း အီလက်ထရွန်နစ်-စာအုပ် (e-book) အုပ်ရေ ၆၁၃ သန်းအထိ ဖတ်ရှုလေ့လာခဲ့ကြကြောင်း တရုတ်စာနယ်ဇင်းနှင့် စာအုပ်ထုတ်ဝေရေး အကယ်ဒမီ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံရှိ ပြည်နယ်ပေါင်း ၂၉ ခုရှိ မြို့ကြီး ၅၁ မြို့၌ နေထိုင်သောပြည်သူ ၁၉၀၀၀ ကို အခြေခံကာ လေ့လာခဲ့ခြင်းဖြစ်သည်။ တရုတ်ပြည်သူ ၂၃ ရာခိုင်နှုန်းထက်မနည်းသည် အီလက်ထရွန်နစ်-စာအုပ်(e-book)များကို မိုဘိုင်းဖုန်းများမှတစ်ဆင့် ဖတ်ရှုကြကြောင်း၊ ၃ ဒသမ ၉ ရာခိုင်နှုန်းမှာမူ e-book စာအုပ်ဖတ်စက်အသုံးပြု၍ ဖတ်ရှုကြပြီး ၁၈ ရာခိုင်နှုန်းမှာမူ အင်တာနက်မှတစ်ဆင့် ဖတ်ရှုကြကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

အမေရိကန် ဘလက်ဝါးတားအမှု ပြန်ဖွင့်

ဝါရှင်တန် ဧပြီ ၂၄

၂၀၀၇ ခုနှစ်က ဘလက်ဝါးတားဟုကျော်ကြားသော အမေရိကန်လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းလေးဦး၏ ပစ်ခတ်မှုကြောင့် အီရတ်နိုင်ငံသားများ သေဆုံးခဲ့ရခြင်းအတွက် ယင်းဝန်ထမ်းများအပေါ် စွပ်စွဲချက်များကို ပြန်လည်စဉ်းစားရန် အမေရိကန် အယူခံတရားရုံးတစ်ရုံးက အမိန့်ထုတ်လိုက်ကြောင်း ဧပြီ ၂၃ ရက်နေ့ ပရက်(စ်)တီဗွီ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ယခုအခါ စီးဆားဗစ်(စ်)ဟု အမည်ပြောင်းထားသည့် ဘလက်ဝါးတားမှ လုံခြုံရေးအစောင့်များအပေါ် စွပ်စွဲချက်များကို အောက်ရုံးမှ ပလပ်လိုက်ပြီးသည့်နောက် တစ်နှစ်ကျော်အကြာတွင် အယူခံရုံးတရားသူကြီးများက ယင်းအောက်ရုံးတရားသူကြီးသည် ဥပဒေကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်ဟုဆိုကာ ထိုအမှုကို ပြန်လည်စစ်ဆေးစေခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်းက ယင်းအမှုကို ပလပ်ခဲ့သည့် တရားသူကြီးအား သက်သေအထောက်အထားများကို ပြန်လည်စဉ်းစားရန် အယူခံရုံးတရားသူကြီးများက ညွှန်ကြားခဲ့သည်။ အမေရိကန် တရားရေးဌာနသည် သက်သေအထောက်အထားများအပေါ် မှားယွင်းစွာကိုင်တွယ်ခဲ့ကြောင်း၊ စွပ်စွဲခံရသူများ၏အခြေခံဥပဒေပါ အခွင့်အရေးများကို ချိုးဖောက်ခဲ့ကြောင်း ၎င်းတရားသူကြီးက ဆုံးဖြတ်ခဲ့သည်။

ထိုဘလက်ဝါးတားအစောင့်များအပေါ် လူသတ်မှု ၁၇ မှု၊ လူသတ်ရန်အားထုတ်မှု ၂၀ နှင့် အမေရိကန် လက်နက်တင်ပို့ရေးဥပဒေ ချိုးဖောက်မှုတစ်မှုတို့ဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

၂၀၀၇ ခုနှစ်အတွင်းက ဘဂ္ဂဒက်မြို့တွင် ဘလက်ဝါးတားလုံခြုံရေးအစောင့်များ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အီရတ်ပြည်သူများ သေဆုံးခဲ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ဆူဒန်တွင် တိုက်ပွဲပြင်းထန် ၅၅ ဦး သေဆုံး

ဂျူဘာ(ဆူဒန်) ဧပြီ ၂၄

တောင်ဆူဒန်တပ်ဖွဲ့နှင့် သူပုန်တို့အကြား တိုက်ပွဲများဖြစ်ပွားရာ အနည်းဆုံး ၅၅ ဦး သေဆုံးကြောင်း အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယခင် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဂါဘရီယဲလ်တန်၏ လက်နက်ကိုင်များနှင့် တောင်ဆူဒန် ပြည်သူ့လွတ်မြောက်တပ်ဖွဲ့ (အက်စ်ပီအယ်လ်အေ)တို့သည် စနေနေ့က သုံးနာရီကြာမျှ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်။

ကာလ်ဒတ်ဟုခေါ်သောနေရာတွင် ပစ်ခတ်မှုစတင်ခဲ့ကြောင်း၊ တိုက်ပွဲမှာ အလွန်ပြင်းထန်ကြောင်း အတ်ပါးနိုင်း ပြည်နယ် ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။

တန်၏တပ်ဖွဲ့ဝင် ၅၀နှင့် တပ်မှူးငါးဦး သေဆုံးကြောင်း၊ အက်စ်ပီအယ်လ်အေဘက်မှ သေဆုံးသူအရေအတွက် အတိအကျ မသိရှိရကြောင်း။ ဒဏ်ရာရရှိသူ ဒါဇင်ပေါင်းများစွာကို ဆေးကုသရန်အတွက် မာလာကဲလ်မြို့သို့ သယ်ဆောင်သွားကြောင်း၊ ဆေးရုံတွင် အက်စ်ပီအယ်လ်အေတပ်ဖွဲ့ဝင် ၃၄ ဦးနှင့် အရပ်သား ၄၃ ဦးရှိကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ဝန်ကြီးက သတင်းပေးခဲ့သည်။

ဇန်နဝါရီလကတည်းက တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားလာသဖြင့် ပြည်သူ ၉၀၀၀၀ ကျော်မှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း၊ သေဆုံးသူ ၈၀၀ ကျော်ပြီဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းသည်။ **အေအက်ဖ်ပီ။**

ကမ္ဘာ့ရေးရာအဖြာဖြာ

စုစည်းတင်ပြသူ
ငြိမ်းမောင်

အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေး ပိုမိုခိုင်မာရန် ဂျပန်လိုလား

တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးမားလာမှုကို ချိန်ခွင်လျှာညှိနိုင်ရန် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် စစ်ရေးဆက်ဆံမှုခိုင်မာရန်လိုအပ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုရှိမီကီတဇာဝါက ဧပြီ ၂၂ ရက်တွင် ပြောကြားသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး၏ မှတ်ချက်စကားသည် တာဝန်ကြီးလေးလှသော ငလျင်ကပ်ဘေးအလွန် နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများရှိနေသော်ငြားလည်း ဂျပန်နိုင်ငံသည် ၎င်း၏အမျိုးသားလုံခြုံရေးဆိုင်ရာ ဦးစားပေးမူဝါဒများကို ပြောင်းလဲမည်မဟုတ်ကြောင်း ဖော်ပြသည့်လက္ခဏာဖြစ်သည်။

အထူးသဖြင့် ဂျပန်နိုင်ငံသည် တရုတ်ရေတပ်စွမ်းရည်တိုးမြင့်လာမှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ဝေါစထရီသတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် မိမိတို့အကြား ဆက်ဆံရေးကို သာတူညီမျှအခြေအနေ၌ ထိန်းသိမ်းထားနိုင်ရန် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့အကြား ဆက်ဆံရေးခိုင်မာရန်လိုအပ်ကြောင်း တိုရှိမီကီတဇာဝါက ဆိုသည်။

သို့ရာတွင် တရုတ်နှင့်ဂျပန်အကြား မဟာဗျူဟာမြောက် ဘုံအကျိုးစီးပွားများကိုအခြေခံသည့် အပြန်အလှန်အကျိုးရှိမည့် ဆက်ဆံရေး တည်ဆောက်နိုင်ရန် မိမိတို့ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက အမျိုးသားလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်အသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအမျိုးသားလုံခြုံရေး ဆိုင်ရာလမ်းညွှန်ချက်အား တရုတ်နိုင်ငံ၏ စစ်ရေးအင်အား တည်ဆောက်မှုကို အခြေပြုကာ ရေးဆွဲထားခြင်းဖြစ်သည်။

အင်တာနက်။

မကြာမီ ရေချစမ်းသပ်နိုင်ဖွယ်ရှိသည့် တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘော ဗာယက်ကို ပြုပြင်မွမ်းမံနေသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ချာနိုဘိုင်းနှင့် ဖူကူရှီးမားတို့၏ တူညီသောနျူကလီးယားဝေဒနာ

အချိန်တရွေ့ရွေ့ ကုန်လွန်ခဲ့သည်နှင့်အမျှ ချာနိုဘိုင်း နျူကလီးယားကပ်ဘေးသင့်ဒေသသည်လည်း ဝင်ရောက်စူးစမ်းလေ့လာနိုင်သည့် နယ်မြေတစ်ခုအဖြစ် ပြောင်းလဲစပြုလာပြီဖြစ်သည်။ ချာနိုဘိုင်းနျူကလီးယားဓာတ်အားပေးစက်ရုံနှင့် အနီးဆုံး၌ရှိသော ပရီပိုင်ယက်မြို့လေးအကြောင်းကို ဧည့်လမ်းညွှန်များက ကောင်းစွာသိသည်။ မြို့သူ၊ မြို့သားများ စွန့်ခွာထားခဲ့ခြင်းကြောင့် သက်မဲ့များသာ ကြီးစိုးမင်းမူနေသောမြို့တွင်း၌ မည်သည့်နေရာကိုသာ သွားရောက်သင့်ကြောင်းလည်း သိကြသည်။

နျူကလီးယား ကပ်ဘေးကြောင့် သက်မဲ့မြို့ ဖြစ်ခဲ့ရသော ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စုမှ ဖူကူးဘားမြို့။

ချာနိုဘိုင်းကပ်သင့်နယ်မြေထဲ၌ တစ်စုံတစ်ရာကို ဓာတ်ပုံရိုက်ကူးလိုပါက ဝေးဝေးမှသာရိုက်ကူးရန် ဧည့်လမ်းညွှန်များက သတိပေးကြလိမ့်မည်။ နျူကလီးယားကပ်ဘေးကို ရင်ဆိုင်စဉ် အသုံးပြုခဲ့သော ရဟတ်ယာဉ်နှင့် အရေးပေါ်ယာဉ်များကို စုပြုံထားရှိသည့်နေရာကိုလည်း ချာနိုဘိုင်းဒေသ၌ တွေ့ရှိနိုင်သည်။ သို့ရာတွင် အနားသို့ပင်မသီရန် ဧည့်လမ်းညွှန်များက သတိပေးစကား ပြောလိမ့်မည်ဖြစ်သည်။

မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ဂျပန်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကူရှီးမားစီရင်စုရှိ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမှ ဓာတ်ပေါင်းဖိုများ ပေါက်ကွဲပျက်စီးခဲ့ရာ (၂၅)နှစ်တာကာလအတွင်း ကမ္ဘာ့အဆိုးရွားဆုံးနျူကလီးယား ကပ်ဘေးတစ်ခုဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်ရာ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များထွက်ပေါ်နေသည့် ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံ၏ ၁၂ မိုင်ပတ်လည်ဒေသကို လူဝင်ရောက်ခွင့်မရှိသည့်ဇုန်အဖြစ် ဧပြီ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ယင်းကြောင့် ဝင်ရောက်ခွင့်မရှိသည့်ဇုန်အတွင်း ကျရောက်နေသည့် ဖူကူးဘားမြို့လေးကိုလည်း မြို့သူ၊ မြို့သားများက စွန့်ခွာခဲ့ရခြင်းကြောင့် တစ်မြို့လုံး တစပြင်အသွင် တိတ်ဆိတ်ငြိမ်သက်ခဲ့ရသည်။ ဖူကူးဘားမြို့သို့ သွားရောက်လိုသူများအဖို့ မြေပုံမရှိ။ ဧည့်လမ်းညွှန်မရှိ။ ၁၉၈၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော ချာနိုဘိုင်းနျူကလီးယားကပ်ဘေးနောက်ပိုင်း အဆိုးရွားဆုံးနျူကလီးယားကပ်ဘေးကြောင့် ဖူကူးဘားမြို့လေးမှာ လူသံကားသံဆိတ်၍ မြို့ပျက်အသွင်ဆောင်ခဲ့ရပြီဖြစ်သည်။

ချာနိုဘိုင်းနျူကလီးယားကပ်ဘေးသင့်ဒေသမှ ပရီပိုင်ယက်မြို့နှင့် ဖူကူရှီးမားနျူကလီးယားကပ်ဘေးသင့်ဒေသမှ ဖူကူးဘားမြို့တို့အကြား၌ ကွဲပြားမှုတစ်ရပ်ရှိသည်။ ပရီပိုင်ယက်မြို့သည် အက်ကွဲနေသော ကတ္တရာလမ်းများပေါ်၌ ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေသည့် တောရိုင်းဆန်သည့် မြို့ပြအဖြစ် ပြောင်းလဲခဲ့ရပြီး ဖူကူးဘားမြို့၏ ဒဏ်ရာမှာလတ်ဆတ်နေဆဲဖြစ်သည်။ ယင်းမြို့နှစ်မြို့အကြား တူညီမှုမှာ လူသူကင်းမဲ့နေသော မြို့တွင်းလမ်းများ၌ ဟိုဟိုသည်သည်သွားလာနေသော ပိုင်ရှင်မဲ့ခွေးများ၊ ကြောင်များကို တွေ့မြင်နေရခြင်းဖြစ်သည်။

ပရီပိုင်ယက်မြို့သည် ချောက်ချောက်ချားချား အတွေ့အကြုံကိုမှ ခံစားလိုသူများနှင့် အနုပညာသည်များကို ဆွဲဆောင်ရာ သက်မဲ့မြို့တော်ဖြစ်လာသည်။ ၁၉၈၆ ခုနှစ် နျူကလီးယားကပ်ဘေး နောက်ခံကား၏ ဘယာနကရသကို ခံစားတွေ့ကြုံနိုင်မည့် လမ်းပေါ်မှအနုပညာ (Graffiti) လက်ရာများနှင့် အခြားအနုပညာဖန်တီးမှုများက တစ်မြို့လုံးကို လွှမ်းမိုးထားသည်။

အချို့သူများသည် ချာနိုဘိုင်းကပ်သင့်ဒေသကို စွန့်ခွာခြင်းမရှိဘဲ ဆက်လက်နေထိုင်ကြဆဲဖြစ်သည်။ တစ်သက်လုံး ဓားမဦးချ လယ်လုပ်ခဲ့သည့်နေရာ၊ တစ်ခုတည်းသော ဇာတိမြေ ချာနိုဘိုင်းကို စွန့်ခွာရန် ယူကရိန်းလယ်သမားအိုကြီးများက ငြင်းပယ်ခဲ့ကြသည်။ ချာနိုဘိုင်းဒေသကို အဆိပ်သင့်စေခဲ့ပြီဖြစ်သော ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များအကြောင်း ထည့်၍ မစဉ်းစားကြတော့ပေ။

သက်ကြီးရွယ်အိုများပြားသော ဂျပန်နိုင်ငံ၌လည်း အလားတူပင်ဖြစ်သည်။ ခိုလှုံရေးစခန်းများသို့ရောက်ရှိနေသော ဂျပန်လယ်သမားအတော်များများသည် အာဏာပိုင်များ သတိပေးနေသည့်ကြားမှပင် နျူကလီးယားကပ်ဘေးသင့်ဒေသရှိ နေအိမ်များသို့ပြန်ကာ နွားစာကျွေးခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို ပြုစုခြင်း၊ အိမ်တွင်ရသလောက် အချိန်ဖြုန်းခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

သို့ဖြစ်ရာ နျူကလီးယားကပ်ဘေးကို ဆိုလိုသည့် သင်္ကေတများအဖြစ် ချာနိုဘိုင်းနှင့် ဖူကူရှီးမားတို့ကို ကမ္ဘာကြီးက သတိရနေမည်ဖြစ်သည်။ ပရီပိုင်ယက်နှင့် ဖူကူးဘားမြို့တို့သည်လည်း နျူကလီးယားကပ်ဘေး၏ ပြယုဂ်အဖြစ် ကျန်ရှိနေဦးမည်ဖြစ်တော့သည်။

အင်တာနက်။

ချာနိုဘိုင်းနျူကလီးယားကပ်ဘေးသင့်ဒေသရှိ လူသူဆိတ်သုဉ်းခဲ့ရသော ပရီပိုင်ယက်မြို့တော်။



အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာဆာလေဟီ။

နှစ်နိုင်ငံဆက်ဆံရေးပြန်လည်စတင်ရေး ရှေ့တိုးလုပ်ဆောင်ရန် အီဂျစ်ကို အီရန်တိုက်တွန်း

နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်စတင်ရေးအတွက် ရဲရဲဝံ့ဝံ့ ရှေ့တိုးလုပ်ဆောင်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာဆာလေဟီက အီဂျစ်နိုင်ငံကို ဧပြီ ၂၃ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးအဆင့်မြှင့်တင်ရန် အီရန်နိုင်ငံက အသင့်ရှိကြောင်း၊ အီဂျစ်နိုင်ငံအနေဖြင့်လည်း အလားတူအနေအထားမျိုးရှိမည်ဟု မိမိတို့မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အီဂျစ်နှင့် အီရန်အကြားသံတမန်ဆက်ဆံရေး ပြန်လည်စတင်မည်ကို မလိုလားသော အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့၏ဖိအားကို အီဂျစ်နိုင်ငံအနေဖြင့် ကျော်လွှားနိုင်စွမ်းရှိကြောင်း ဆာလေဟီက ဖြည့်စွက်ပြောကြားသည်။

အစ္စရေးနိုင်ငံတည်ရှိမှုကို အသိအမှတ်ပြုခြင်းအား ကန့်ကွက်သည့်အနေဖြင့် အီရန်နိုင်ငံသည် ၁၉၈၀ ခုနှစ်၌ အီဂျစ်နိုင်ငံနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။လက်ရှိအချိန်၌ ယင်းနှစ်နိုင်ငံအကြား၌ အဆင့်နိမ့်သံတမန်ဆက်ဆံရေးသာတည်ရှိသည်။

အီဂျစ်နိုင်ငံအနေဖြင့် အီရန်နှင့် ဆက်ဆံရေးကဏ္ဍသစ်ဖွင့်လှစ်ရန် အသင့်ရှိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ယခုလအစောပိုင်း၌ ကြေညာခဲ့သည်။

အီဂျစ်နှင့်အီရန်နိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို အခြေခံသော ဆက်ဆံရေးများရှိခဲ့ကြောင်း၊ တစ်နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေးနှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်မစွက်ဖက်ရေးဟူသောမူများအပေါ်တွင် အီဂျစ်နှင့် အီရန်ဆက်ဆံရေးကို အခြေခံထားကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အင်တာနက်။

ရခိုင်ပြည်နယ် သမဝါယမလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၄

စက်မှုလယ်ယာကုန်ထုတ်စနစ်ကို ပြောင်းလဲလုပ်ကိုင်ရေး၊ လယ်ယာသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ ငွေစုငွေချေးသမဝါယမအသင်းများနှင့် ဈေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေးတို့အတွက် ရခိုင်ပြည်နယ် သမဝါယမဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးမြအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် ပြည်နယ် သမဝါယမဌာနအသင်းစုချုပ်တို့မှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြပြီး မြို့နယ် ၁၈ မြို့နယ်မှ မြို့နယ်ဦးစီးအရာရှိများ၊ ပြည်နယ် သမဝါယမဦးစီးဌာန ဌာနခွဲတာဝန်ခံများနှင့် မြို့နယ်အသင်းဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးအောင်သိမ်း၊ ဒေါ်ထွေးရီတို့၏ (၃၇)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် အဘိုး၊အဘွား ၁၈၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှင့် ထာဝရအထွေထွေ ပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

❐ iPad 2 မှ

iPad 2 ၏ အိတ်များမှာ စက်ကို Magnetic နှင့် တွဲဆက်ထားသည့်အတွက် iPad များမှာ Screen မပိတ်ဘဲ လင်းနေသဖြင့် ဘက်ထရီကုန်သွားမှုများ မဖြစ်နိုင်တော့ဘဲ အပြင်ဖုံးကို ပိတ်လိုက်သည်နှင့် iPad ကိုပါ တစ်ခါတည်း ပိတ်ပြီးသားဖြစ်စေရန် ထုတ်လုပ်ထားသည်။ iPad 2 တွင် ကင်မရာ စတင်ပါဝင်လာခဲ့ကာ Dual ကင်မရာစနစ်ဖြစ်ခြင်းကြောင့် Video Calling စနစ်များအတွက် အသုံးပြုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါ အသိပညာပေးဟောပြော

နေပြည်တော် ဧပြီ ၂၄

ဝက်နားရွက်ပြာ ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ဧပြီ ၁၉ ရက်က ကျင်းပရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ဝက်နားရွက်ပြာ ရောဂါအကြောင်း၊ ရောဂါကူးစက်ပုံနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာများနှင့် ဝက်များ စနစ်တကျမွေးမြူရေးတို့ကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အင်တာနက် အာကာသသိပ္ပံ သတင်း

အင်္ဂါဂြိုဟ်ကို လေ့လာမည့် ဂြိုဟ်ဆင်းယာဉ် အမေရိကန်နှင့် ဥရောပ ပူးတွဲတည်ဆောက်မည်

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန် အာကာသအေဂျင်စီ (နာဆာ)နှင့် ဥရောပအာကာသအေဂျင်စီ(အီးအက်စ်အေ) တို့သည် ၂၀၁၈ ခုနှစ်၌ အင်္ဂါဂြိုဟ်သို့ ဂြိုဟ်ဆင်းယာဉ်နှစ်စင်းကို စေလွှတ်ရန် ကနဦး အနေဖြင့် စီစဉ်ခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ဂြိုဟ်ဆင်းယာဉ်နှစ်စင်းကို စေလွှတ်မည့်အစား ဂြိုဟ်ဆင်းယာဉ်တစ်စင်းတည်းကိုသာ စေလွှတ်ရန် သဘောတူညီမှုရရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ် လေ့လာရေး အစီအစဉ်အတွက် နာဆာက ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ထည့်ဝင်ဖွယ်ရှိပြီး ဂြိုဟ်ဆင်းယာဉ်တည်ဆောက်ရေးကိစ္စကို ဆက်လက် ညှိနှိုင်းနေကြဆဲ ဖြစ်ကြောင်း နာဆာ၏ ဂြိုဟ်နက္ခတ်တာရာ သိပ္ပံပညာဌာနခွဲ ညွှန်ကြားရေးမှူး ဂွ်န်ဂရင်းက ပြောကြားသည်။

ကနဦး အစီအစဉ်အရ ဂြိုဟ်ဆင်းယာဉ်တစ်စင်းက အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်ဘက်သို့ လွန်ဖြင့်တူးဖော်ကာ စူးစမ်းလေ့လာမှုပြုလုပ်မည်ဖြစ်ပြီး အခြား ဂြိုဟ်ဆင်းယာဉ်တစ်စင်းက အင်္ဂါဂြိုဟ်၏ မြေသားနှင့် ကျောက်သားနမူနာများကို ရယူကာ ကမ္ဘာမြေပြင်သို့ ပြန်လာရန်ဖြစ်သည်။

ဂြိုဟ်ဆင်းယာဉ်ကို တစ်စင်းတည်း တည်ဆောက်သည့်အခါ ကနဦး တည်ဆောက်ရန် ရည်မှန်းသည့် ဂြိုဟ်စင်းယာဉ်နှစ်စင်းအနက် တစ်စင်းစင်းထက် ပိုမို၍ အရွယ်အစားကြီးမားမည်ဖြစ်သည်။

ဂြိုဟ်ဆင်းယာဉ်သစ်ကို ဥရောပအာကာသအေဂျင်စီ၌ တည်ဆောက်မည်ဖြစ်ပြီး အဆိုပါယာဉ်၌တပ်ဆင်မည့် စက်ကိရိယာများကို အာကာသအေဂျင်စီနှစ်ရပ်စလုံးက ထောက်ပံ့ပေးမည် ဖြစ်သည်။

အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို လွှတ်တင်သည့်အခါ နာဆာ၏ ဒုံးပျံယာဉ်ကို အသုံးပြုမည်ဖြစ်သည်။ ***အင်တာနက်။***

အင်္ဂါဂြိုဟ်ဆင်းယာဉ် တည်ဆောက်နိုင်ရန် နာဆာသိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာသာပြန် - သတင်းလုလင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၁၁ (တနင်္လာနေ့)

[၁၃၇၃ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၇။ "သုံးပင်နှစ်ဆယ်"
- ၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၁၅ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၅)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၂၂)**
- ၁၉။ အစီအစဉ်ပြီး၏။

ဈေးအမိုးပြုပြင်

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးနှင့် ဌေးဝင်းဈေးကြီးအတွင်း ဈေးသန့်ရှင်းသာယာလှပရေးအတွက် ဈေးရုံများ၏ အမိုးများကို သံဖရိန်များဖြင့် ပြုပြင်နေမှု လုပ်ငန်းခွင်အား တာဝန်ရှိသူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

AIR KANBAWZA လေကြောင်းလိုင်း ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

ရန်ကုန် ဧပြီ ၂၄ ။ ။ AIR KANBAWZA လေကြောင်းလိုင်းသည် ရန်ကုန်-မြိတ်-ရန်ကုန်၊ ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန်ခရီးစဉ်များကို ဧပြီ ၂ ရက်မှ စတင်ပျံသန်းခဲ့သည်။ ယခုတစ်ဖန် မေလတွင် တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ ပူတာအို၊ ကော့သောင်း၊ စစ်တွေ၊ သံတွဲ၊ မော်လမြိုင်နှင့် ကလေးမြို့တို့သို့ ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည့်အပြင် ပြည်ပခရီးစဉ်များကိုပါ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မဟာဂီတ အဆို၊ အတီး၊ အက အခမဲ့သင်တန်း နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၄ ။ ။ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံးနှင့် မြို့နယ်သဘင်ပညာရှင်များပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ဧပြီ ၂၂ ရက်မှ မေ ၃၁ ရက်အထိ မြန်မာ့အခြေခံမဟာဂီတ အဆို၊ အတီး၊ အက အခမဲ့သင်တန်းကို ပျဉ်းမနားမြို့ အမှတ်(၄၈) နေပြည်တော်လမ်းမကြီး ယောက်သွားအင်းရပ်ကွက်ရှိ မြို့နယ်ဂီတအစည်းအရုံးတွင် ဧပြီ ၂၂ ရက်မှ စတင်၍ ဖွင့်လှစ်နေပြီ ဖြစ်ကြောင်း၊ သင်တန်းလက်ခံခြင်းကိုမူ ဧပြီ ၃၀ ရက်အထိ အထက်ပါရုံး၌ ဆက်လက်လက်ခံမည်ဖြစ်ကြောင်း၊ သင်တန်းတွင် မြို့နယ်အတွင်းရှိ ဂီတ၊ သဘင်အစည်းအရုံးဝင် ပညာရှင်များက မဟာဂီတအဆိုနှင့် အတီးတွင် စန္ဒရား၊ တယောနှင့် ပတ္တလား၊ အကတွင် ကဗျာလွတ် အခြေခံအကများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်သာမြို့ မြို့မ(အနောက်ဈေး) မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို ဧပြီ ၂၀ ရက်က တောင်သာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် (၃၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်(နှစ်ဆန်းတစ်ရက်နေ့)က နယ်မြေ (၈) သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရပ်ကွက်ရပ်မိရပ်ဖဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပူဇော်ပွဲကျင်းပရခြင်း အကြောင်းရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

 ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

❖ **အာရှပတ်လည်မှ**

အမျိုးသမီး Recurve တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ကြေးတံဆိပ်ဆုများကို Compound အမျိုးသားအသင်းက တစ်ခု၊ Compound အမျိုးသမီးအသင်းက တစ်ခုတို့ အသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါမြားပစ်ပြိုင်ပွဲကို အာရှထိပ်သီးမြားပစ်နိုင်ငံများဖြစ်သော ဟောင်ကောင်၊ မွန်ဂိုလီးယား၊ အီရတ်၊ အရှေ့တောင်အာရှ ထိပ်သီးမြားပစ်နိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် လာအိုစသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ Recurve အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၀၊ Compound အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၆ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို ဧပြီ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)

အမျိုးသမီး Recurve တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့သည့် သင်းသင်းခိုင်။

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်မှုများ ပြုလုပ်နေ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများ နိုင်ငံတကာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်နေကြသည်။ ယင်းတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့ နံနက် ၇ နာရီတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ အလေးမအဖွဲ့ချုပ်၊ ရေကူးအဖွဲ့ချုပ်နှင့် ဂျူဒိုအဖွဲ့ချုပ်တို့၌ လက်ရွေးစင် အားကစားသမားများ သက်ဆိုင်ရာ အားကစားနည်းများ လေ့ကျင့်နေမှုတို့ကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အင်တာမီလန်က တီဗက်ဇ်ကို ပေါင်သန်း ၄၀ ပေးမည်

မီလန် ဧပြီ ၂၄

အီတလီစီးရီးအေအသင်း အင်တာမီလန်သည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်ကို ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူသွားမည်ဟု သိရသည်။

အင်တာမီလန်အသင်း အနေဖြင့် တီဗက်ဇ်အား ခေါ်ယူနိုင်ရေးအတွက် ပထမဦးဆုံးအသင်းရှိ ကွင်းလယ်ကစားသမားရှုနိုက်ဒါကို မန်ယူအသင်းသို့ ရောင်းချရလိမ့်မည်ဟု ဆိုသည်။ တီဗက်ဇ်သည် အင်္ဂလန်နိုင်ငံ၏ လူနေမှုဘဝကို စိတ်ပျက်နေပြီး မန်စီးတီးအသင်းမှ ထွက်ခွာရန် ကြိုးပမ်းခဲ့ဖူးသူဖြစ်သည်။ အထူးသဖြင့် ခရစ္စမတ်ကာလတွင် မိသားစုနှင့် နွေးနွေးထွေးထွေး မနေရဘဲ ပွဲကျပ်ကာလများကိုသာ ဆက်တိုက်နွှဲနေရခြင်းကို စိတ်ပျက်လှပြီဟု ဆိုသည်။

အင်တာမီလန်၏ စိတ်ဝင်စားခြင်း ခံနေရသည့် တီဗက်ဇ်။

လက်ရှိအချိန်တွင် တီဗက်ဇ်သည် ဒဏ်ရာကြောင့် နားနေရပြီး မေ ၁၄ ရက်တွင် စတုတ်စီးတီးအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင်လည်း ပါဝင်နိုင်ဖွယ်မရှိဟု သိရသည်။

အင်တာနက်။

နှစ်နှစ်ကြာ ပွဲပယ်ပြစ်ဒဏ်ခံခဲ့ရသည့် ကာရိုဇီနီ ပါလာမိုတွင် ပြန်ကစားမည်

ရောမ ဧပြီ ၂၄

အီတလီစီးရီးအေကလပ် ပါလာမိုအသင်း၏ နောက်ခံကစားသမား ကာရိုဇီနီသည် ၂၀၀၉ ခုနှစ် ဧပြီလမှစ၍ နှစ်နှစ်ကြာ ပွဲပယ်ပြစ်ဒဏ်ခံခဲ့ရပြီးနောက် ယခုအချိန်တွင် ပါလာမိုအသင်းနှင့်အတူ ပြန်လည်ပွဲထွက်ကစားတော့မည်ဖြစ်သည်။

ကာရိုဇီနီသည် တားမြစ်ဆေး သုံးစွဲမှုကြောင့် ပွဲပယ်ပြစ်ဒဏ်ထိခဲ့သူဖြစ်ပြီး ပါလာမိုတွင် ပထမဦးစွာ လူငယ်အသင်း၌ ပါဝင်ကစားမည်ဖြစ်ပြီး ပုံမှန်ခြေစွမ်းပြန်ရချိန်တွင် အသင်းကြီးသို့ ပြောင်းရွှေ့ကစားမည်ဟု ဆိုသည်။ ပါလာမိုအသင်းသည် စီးရီးအေပွဲစဉ်(၃၄)အပြီးတွင် ရမှတ် ၅၀ ဖြင့် အဆင့်(၈)၌ ရပ်တည်နေသည်။

အင်တာနက်။

နှစ်နှစ်ကြာ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသည့် ပါလာမို နောက်ခံကစားသမား ကာရိုဇီနီ။

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရေတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့၊ အောင်လံမြို့၊ ဇောင်းတူမြို့၊ သိမ်ဇရပ်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၃၇ လက်မ၊ သီပေါမြို့တွင် သုည ဒသမ ၉၀ လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် သုည ဒသမ ၆၇ လက်မ၊ မြိတ်မြို့နှင့် မြဝတီမြို့တို့တွင် သုည ဒသမ ၅၅ လက်မစီ၊ လားရှိုးမြို့နှင့် မုံရွာမြို့တို့တွင် သုည ဒသမ ၅၁ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အုံ့ဩဖွယ်ဂိုးမိုးခေါင်ခြင်းကို တောရက်စ်အဆုံးသတ်ပြီ

လန်ဒန် ဧပြီ ၂၄

လီဗာပူးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပေါင်သန်း ၅၀ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသည့် ဖာနန်ဒိုတောရက်စ်သည် သုံးလတိုင်တိုင် အုံ့ဩဖွယ်ဂိုးမိုးခေါင်ခဲ့ခြင်းကို ယခုအချိန်တွင် အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ဖာနန်ဒိုတောရက်စ် ဂိုးပေါက်ပျောက်ခဲ့သည်မှာ မိနစ်ပေါင်း ၇၃၂ မိနစ် (၁၄)ပွဲကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုသို့ ဂိုးကံခေနေသည့် ဖာနန်ဒိုတောရက်စ်သည် ပရီမီယာလိဂ်ပွဲစဉ် (၃၄)တွင် အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ဒုတိယပိုင်းပွဲချိန် ၈၄ မိနစ်၌ ဂိုးစတင်သွင်းယူနိုင်ခဲ့ပြီ ဖြစ်သည်။

ထိပ်တန်းတိုက်စစ်မှူး တစ်ဦးအနေဖြင့် ထိုသို့ဂိုးမိုးခေါင်နေခြင်းမှာ လက်ခံနိုင်စရာအကြောင်း မရှိသော်လည်း ပရိသတ်အခိုင်အမာရှိပြီးသားဖြစ်သည့် ဖာနန်ဒိုတောရက်စ်အနေဖြင့် ယခုသွင်းသည့်ဂိုးမှသည် နောက်နောင်တွင် ချယ်လ်ဆီးအတွက် မည်မျှထိ ဂိုးသွင်းပြီး ပေးဆပ်နိုင်ဦးမည်ဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရဦးမည် ဖြစ်သည်။

အင်တာနက်။

အံ့ဩဖွယ် ဂိုးမိုးခေါင်မှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည့် ဖာနန်ဒိုတောရက်စ်။

ဟန်သစ်

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။

(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။

(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။

(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။

(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ မြို့နယ်အချို့တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွား၊ သေဆုံးမှုရှိသဖြင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ရောဂါဖြစ်ပွားမှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။

၂။ နာမကျန်းဝက်များကို သီးသန့်ခွဲခြားထားပါ။ ယင်းခြံရှိ ဝက်နှင့် ဝက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ရောင်းချမှု လုံးဝမပြုလုပ်ရ။

၃။ သေဆုံးသည့်ဝက်များအား ရောင်းချခြင်း၊ စားသုံးခြင်းမပြုရ။

၄။ သေဆုံးသည့်ဝက်များကို ရေမျှောခြင်း၊ အမှိုက်ပုံ၊ ရေမြောင်းများအတွင်း စွန့်ပစ်ခြင်း မပြုရ။ စနစ်တကျမြေမြှုပ်၍ မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းပါ။

၅။ ရောဂါဖြစ်ပွားသောခြံနှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ပါ။

၆။ ဝက်သားဝယ်ယူစားသုံးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ရောင်းချနေသောဆိုင်များမှသာ ဝယ်ယူစားသုံးကြရန်။

၇။ ကျန်းမာသောဝက်များအား ဝယ်ယူသယ်ဆောင်ရောင်းချလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာကြောင်း ထောက်ခံချက် ရယူဆောင်ရွက်ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖြည့်ဆည်းထောက်ကူ ပ



ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြသည်ဖြစ်ရာ ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း အများနည်းတူ ဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရတစ်ရပ်အနေဖြင့် "အမိနိုင်ငံတော်ကြီး အစဉ်အမြဲ တိုးတက်အောင်မြင်ဖြစ်ထွန်းစေရမည်"ဟူသည့် ဥပဒေသကို အမြဲလိုက်နာ အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ ယနေ့ဖွဲ့စည်းဖြစ်ပေါ်လာသည့် အစိုးရအဖွဲ့သစ်အနေဖြင့်လည်း ယင်းဥပဒေသကို လက်ခံကိုင်စွဲပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ဘဝများကို ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်ကို အားရဝမ်းမြောက်စွာ သုံးသပ်တွေ့ရှိရပါသည်။

တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့သည်။

မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇူဒိုင်တံတားအမှတ်(၁)ကြီးက ဧရာဝတီသားတို့အတွက် တန်ဖိုးမဖြတ်နိုင် . . .။

ထို့ကြောင့်လည်း ယနေ့ အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

ငှင်းအထူးစီမံကိန်းဂ
ပါဝင်လျက်ရှိပေသ
တိုင်းပြည်ဖွံ့ဖြိ
အချို့သော ဆည်
ရေအားလျှပ်စစ်စက
လမ်းကွန်ရက်များဖြ
မဟာဗျူဟာလမ်းမျ
အချိန်ယူဆောင်ရွက်
အထူးစီမံကိန်းကြီးမ
အဆင့်မှ စီမံလုပ်ကို
အထူးစီမံကိန်
အတွက် အဓိကအ
တိုင်းသည် အနာ
မြှင့်တင်ပေးကြမည့်
ထို့ကြောင့် ယခုအ
အောင် ကျွန်တော်
ဝိုင်းဝန်းကြိုးပမ်း စွ
ယနေ့ မြန်မာ
ဘယ်ခေတ်ဘယ်က
လာခဲ့သည့်အတွက်
အပြန်အလှန် ကူ
လှမ်းနိုင်ခဲ့ကြပြီဖြစ်
ကျောက်လမ်း ၈၀၉
၁၃၆၃၅ မိုင်သာရှိခဲ့
ပေးခဲ့မှုကြောင့်
ကတ္တရာလမ်း ၁၀၃
ဖြစ်သည်။ ထို့ပြင် နို
၃၃၀၅ စင်းနှင့် ပေ
ပေ ၁၈၀ အောက်
၄၆၃ စင်းအထိ ရှိ
သိသိသာသာ တိုးတ
ယခုနှစ် အစ
အနေဖြင့် စီမံကိန်း
သိရှိရပါသည်။ ၎င်း
စစ်ကိုင်း- ရွှေမှကား-
ကနီ-မင်းကင်း-တော
မြေပုံ-ကံသာ-ကပိုင်



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ (၇)မိုင်ရှိ GSM စခန်းအဆောက်အအုံကို တွေ့ရစဉ်။

ကျွန်တော်တို့နိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတများ ပေါကြွယ်ပြည့်စုံပါလျက်နှင့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် ပိုင်ဆိုင်ပြီးသား လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိရောက် အကျိုးရှိစွာ အသုံးချပြီး အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းသစ်ပြည်သစ်ကို အရှိန်အဟုန်ပြင်းပြင်းဖြင့် တည်ဆောက်ဖော်ဆောင်သွားကြရပေမည်။ သူများခြေလှမ်းတစ်လှမ်းလှမ်းချိန်တွင် ကျွန်တော်တို့က ၁၀ လှမ်းလောက် လှမ်းနိုင်အောင် ကြိုးစားကြရပေမည်။ အရှိန်အဟုန်မြှင့် ကြိုးပမ်းတည်ဆောက်ဖော်ဆောင်နိုင်မှသာ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်ဘဝ မြန်မြန်ဖွံ့ဖြိုးတိုးတက် စည်ပင်လာမည်ဖြစ်ပေသည်။

ဖော်ပြပါ စီမံကိန်းလုပ်ငန်းကြီးများ မြန်မြန်ပြီးမြောက် အောင်မြင်သည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်များကို အချိန်တိုအတွင်း ကိုယ်စီကိုယ်င ခံစားပိုင်ခွင့် ရရှိကြပေတော့မည်။

ပြီးခဲ့သည့် ဧပြီလ ၂၂ ရက်က အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးသတင်းကြောင့် ကျွန်တော်တို့ပြည်သူအားလုံး အမှန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ယနေ့အချိန်တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများမှာ အတက်ဘက်ဆီသို့သာ ဦးတည်ပြီး အဘက်ဘက်မှ တိုးတက်အောင်မြင်လျက်ရှိသည်။ ထိုသို့ တစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး လိုအပ်ချက်ဟူသမျှ မြူမျှမကျန်ရလေအောင် စီမံဆောင်ရွက်လျက်ရှိရာတွင်

မိုင်းစံ (မုံးဆန်း)လမ်
မုံးထ-မုံးထော်လမ်း
နေပြည်တော်ပတ်ဝ
လမ်းမကြီး ဖောက်
(ကျောက်ဖျာလေး)-
တံတား တည်ဆော
မြစ်ကူးတံတား(နေ
နောင်မွန်းလမ်းပေါ်
မြေပုံမြို့မှ ရန်ကုန်-
လမ်းပေါ်ရှိ ပေ ၁

ည်းထောက်ကူ ပံ့ပိုးပေးနိုင်မည့် အထူးစီမံကိန်းကြီးများ(၁)

ကျော်ရဲမင်း

ဆောက်လုပ်ထားသည့်
းတို့အတွက် တန်ဖိုး

ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်
းပြတ်ခဲ့သည့် မော်တော်
မ်းများ၊ လေယာဉ်ကွင်း
စ်အတွင်း အမြန်ပြီးပြတ်
ဆောင်သွားမည်ဖြစ်သည်။

က် အောင်မြင်သည်နှင့်
သီးအပွင့် အကျိုးရလဒ်
င့် ရရှိကြပေတော့မည်။
များ အကောင်အထည်
းအဝေးသတင်းကြောင့်
ဝမ်းသာ ဖြစ်ကြရသည်။
မှု အညွှန်းကိန်းများမှာ
ာ်မှ တိုးတက်အောင်မြင်
ကျိုးစီးပွားကို မျှော်မှန်းပြီး
ဆောင်ရွက်လျက်ရှိရာတွင်

ငင်းအထူးစီမံကိန်းလုပ်ငန်းကြီးများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေဆောင်ရွက်ကြရသည့် အချို့သော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ မဟာဗျူဟာလမ်းကွန်ရက်များဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်းစသော မဟာဗျူဟာလမ်းများသည် ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်ပြီး အချိန်ယူဆောင်ရွက်ကြရသည့် လုပ်ငန်းကြီးများဖြစ်သည့်အတွက် ယခုကဲ့သို့ အထူးစီမံကိန်းကြီးများ စာရင်းတွင် ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရ အဆင့်မှ စီမံလုပ်ကိုင်ဆောင်ရွက်သွားရမည်သာ ဖြစ်ပေသည်။

အထူးစီမံကိန်းကြီးများသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအထောက်အကူပြုမည့် စီမံကိန်းကြီးများပင်ဖြစ်ရာ စီမံကိန်း တိုင်းသည် အနာဂတ်နိုင်ငံတော်သစ်အတွက် ဝိုင်းဝန်းပံ့ပိုး ထောက်ကူ မြှင့်တင်ပေးကြမည့် အဓိကထောက်တိုင်များပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ယခုအထူးစီမံကိန်းကြီးများ အောင်မြင်သည်ထက် အောင်မြင် အောင် ကျွန်တော်တို့ပြည်သူအားလုံးက အစိုးရအဖွဲ့သစ်နှင့်အတူ လက်တွဲ ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ကြရမည်သာ ဖြစ်ပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ဘယ်ခေတ်ဘယ်ကာလနှင့်မျှမတူအောင် တိုးပွား တည်ဆောက်ဖြစ်ထွန်း လာခဲ့သည့်အတွက် မြန်မာပြည်အနှံ့ အရှေ့ အနောက် တောင် မြောက် မကျန် အပြန်အလှန် ကူးလူးဆက်သွယ် ယှက်နွယ်ဖြတ်သန်း အရောက် လှမ်းနိုင်ခဲ့ကြပြီဖြစ်သည်။ ယခင် ၁၉၈၈ ခုနှစ်က မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင် လမ်းအရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ လမ်းများကို ကွန်ရက်သဖွယ် ယှက်နွယ်ဖောက်လုပ် ပေးခဲ့မှုကြောင့် ယခုအခါ မြေသားနှင့်ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်း ၁၀၃၄၃ မိုင် လမ်းအရှည် စုစုပေါင်း ၂၁၃၆၁ မိုင် ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက်တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ ၁၈၀ အောက်တံတား အစင်း ၆၆၂၀ နှင့် ပေ ၁၈၀ အထက်တံတား ၄၆၃ စင်းအထိ ရှိလာခဲ့ပြီဖြစ်ရာ လမ်းတံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာသည်ကို သုံးသပ်တွေ့ရှိနိုင်ပေသည်။

ယခုနှစ် အစည်းအဝေးသတင်းများအရ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် စီမံကိန်း ၁၉ ခုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းစီမံကိန်း ၁၉ ခုမှာ ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း၊ စစ်ကိုင်း- ရွှေဘိုကား-မြစ်ကြီးနားလမ်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်း၊ မလွန်-စစ္စနိုး-ရေနံမ-ကန်တုန်လမ်း၊ မြေပုံ-ကံသာ-ကပိုင်လမ်းသစ်၊ ဗန္ဓုလ-မောင်တော-အငူမော်လမ်း၊ မိုင်းနောင်-မိုင်းစံ (မုံးဆန်း)လမ်းသစ်၊ ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်းများ ဖောက်လုပ်ခြင်း၊ မွန်းတည့်ခွင်- ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်ခြင်း၊ လပွတ္တာ (ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင် မြစ်ကူး တံတား တည်ဆောက်ခြင်း၊နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်း မြစ်ကူးတံတား(နေပြည်တော်) တည်ဆောက်ခြင်း၊ ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတားတည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင် လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ရခိုင်

မန္တလေး-သီပေါ-လားရှိုး-မူဆယ် အာရှလမ်းမကြီး၏ မန္တလေးနှင့် သီပေါ ကြားရှိ ဂုတ်တွင်းလမ်းကို ဤသို့ ဖောက်လုပ်ပေးထားသည်။

ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက် ခြင်း၊ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း၊ မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း)တံတား တည်ဆောက်ခြင်းတို့ ဖြစ်သည်။ ၎င်းလမ်းတံတား စီမံကိန်းအသစ်များမှာ ပြည်ထောင်စုကြီး၏ ဒေသအနှံ့ကို ကိုယ်စားပြုလျက် ရှိရာ ဒေသအတွက်ရော တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ပါ လမ်းပန်း ဆက်သွယ်မှု လျင်မြန်ချောမွေ့လွယ်ကူလာစေပြီး အနာဂတ်ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်တော့မည်မှာ မုချဧကန်ပင်ဖြစ်ပေသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် အဓိက စီမံကိန်းနှစ်ခု ဖော်ဆောင်သွားမည် ဖြစ်သည်။ ပြည်သူများ၏ လူနေမှုအဆင့် အတန်းမြင့်မားစေရန်၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူဖြစ်စေရန်နှင့် ဒေသအုပ်ချုပ်ရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၌ ဆက်သွယ်မှု လွယ်ကူစေရန် ရည်ရွယ်၍ နှစ်စဉ် တယ်လီဖုန်း ဆက်သွယ်မှုလုပ်ငန်းကို တိုးချဲ့တပ်ဆင်ပေးလျက်ရှိရာ ယခုအခါတွင် တစ်နိုင်ငံလုံး တယ်လီဖုန်းသိပ်သည်းဆ (Telephone Density) မှာ ငါးရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ဆက်လက်၍ တယ်လီဖုန်း သိပ်သည်းဆ တိုးတက်လာစေရေးအတွက် စီမံကိန်းကာလ ငါးနှစ်အတွင်း GSM မိုဘိုင်းလ်ဖုန်း လိုင်းအင်အား သန်း ၃၀ အထိ တိုးချဲ့တပ်ဆင် သွားမည်ဖြစ်ရာ နိုင်ငံနှင့် ပြည်သူအတွက် နှစ်ထောင်းအားရဖြစ်ဖွယ် သတင်းကောင်းပင်ဖြစ်သည်။ စီမံကိန်း(၅)နှစ် ပြီးမြောက်ချိန်တွင် မြန်မာနိုင်ငံ ၏ တယ်လီဖုန်းသိပ်သည်းဆသည် ၅၀ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက် လာတော့မည်ဖြစ်သည်။

ထို့ပြင် ဆက်သွယ်ရေးနှင့်ပြန်ကြားရေးကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင် နိုင်ရန်နှင့် အာကာသနည်းပညာဆိုင်ရာများ ရရှိပြန့်ပွားစေရန် ရည်ရွယ် လျက် နိုင်ငံတော်ပိုင် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လွှတ်တင်နိုင်ရေး ဆောင်ရွက်တော့မည်ဖြစ်ရာ အနာဂတ်ဆက်သွယ်ရေးနှင့် ပြန်ကြားရေး ကဏ္ဍ စွမ်းဆောင်ရည်မြင့်မားမှုအတွက် အထူးပင် အားတက်မိပေသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် "စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူ၍ ချမှတ်ဖော်ဆောင်လျက်ရှိရာ ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးရည်မှန်းချက်သည် အစဉ်တစိုက် အလေးထားကြိုးပမ်း ဖော်ဆောင်သွားရမည့် အဓိကလုပ်ငန်းစဉ်ပင်ဖြစ်ပေသည်။ နိုင်ငံတော် အနေဖြင့် ရေရှည်အတွက် တကယ့်စက်မှုနိုင်ငံကြီးအဆင့် မျှော်မှန်း၍ တည်ဆောက်ဖော်ဆောင်သွားရမည်ဖြစ်ရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနက တင်ပြသည့် အထူးစီမံကိန်းကြီးများမှာ ယင်းမျှော်မှန်းချက်အတွက် အထူး အရေးပါသော ခြေလှမ်းသစ်များပင်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

တနင်္သာရီ ကမ်းရိုးတန်း မြန်မာ့ပင်လယ်ပြင်ရှိ ရဲတံခွန်သဘာဝ ဓာတ်ငွေ့မြေ။

❖ **စာမျက်နှာ ၉ မှ**

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ အစိတ်အပိုင်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် အခြေအနေမှ ထုတ်ကုန်ပစ္စည်း ပုံစံအမျိုးမျိုးအတွက် ပြည်တွင်း၌ အမြန်တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်သည့်ပုံကို စနစ်တကျ ပုံစံချ၍ ပုံသွင်းထုတ်လုပ်ပေးနိုင်သည့် Automobile Mould & Die, Jigs & Fixture များအား တစ်နှစ်လျှင် အစုံ ၁၀၀၀ ထုတ်လုပ်မည့်စီမံကိန်း၊ လူစီးမော်တော်ယာဉ်အမျိုးမျိုးနှင့် ကုန်တင်ယာဉ်အမျိုးမျိုးတို့ဖြစ်သည့် Light Truck, Medium Truck, Heavy Truck, Super Heavy Truck နှင့် Commercial Vehicle တို့၏ Axle အမျိုးမျိုးကို တစ်နှစ်လျှင် အစုံ ၁၀၀၀၀ နှင့် ၎င်းတို့နှင့် တွဲဖက်အသုံးပြုရမည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို မြင်းခြံမြို့နယ် ရွာသာဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။ ပုဂ္ဂလိကအနေဖြင့် စွမ်းဆောင်မှုမပြုနိုင်သော ကြီးမားသည့်စက်မှုလုပ်ငန်းကြီးများကို နိုင်ငံတော်အပိုင်းက တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ရာ အစိုးရအဖွဲ့သစ်၏ အနာဂတ်ရေး အမြော်အမြင်ကြီးမားမှုနှင့် စေတနာထားမှုမှာ အထူးပင်တန်ဖိုးထား လေးစားထိုက်လှပါသည်။

ထို့ပြင် စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများရရှိနိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (Industrial Training Center)ကိုလည်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ဆင်တဲ၊ မန္တလေး၊ သာဂရနှင့် ပခုက္ကူတို့၌စက်မှုသင်တန်းကျောင်းလေးကျောင်းကို ဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ်ပေးလျက်ရှိရာ ထပ်တိုးလာမည့် စက်မှုသင်တန်းကျောင်းအပါအဝင် အနာဂတ်စက်မှုနိုင်ငံတော်သစ်ကို ထောက်ကူပံ့ပိုးဖော်ဆောင်ပေးနိုင်မည့် စက်မှုကျွမ်းကျင်လုပ်သားများ ပိုမိုတိုးပွားလာတော့မည်ဖြစ်ပေသည်။

စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန်အတွက် ဖွင့်လှစ်ပေးထားသော စက်မှုသင်တန်းကျောင်း(မန္တလေး)ကို တွေ့ရစဉ်။

နိုင်ငံတော်၏ အနာဂတ်စီးပွားရေးအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် ကဏ္ဍများတွင် စွမ်းအင်ကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Ltd.(NPCC)နှင့် ပူးပေါင်း၍ ကုန်းပိုင်းလုပ်ကွက် F (ငလှိုင်တွင်းဒေသ)၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို လည်းကောင်း၊ စင်ကာပူနိုင်ငံ SNOG Pte., Ltd.နှင့် UPR Pte.,Ltd.တို့နှင့် ပူးပေါင်း၍ ကရင်ပြည်နယ် မဲပလေဒေသအတွင်း ယွေလကျောက် ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd., (KMDC)နှင့် Brilliant Oil Corporation Pte.,Ltd.(BOC) တို့နှင့် ပူးပေါင်း၍ ရခိုင်ကမ်းလွန်လုပ်ကွက် A-5 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ရခိုင်ကမ်းလွန်လုပ်ကွက် A-7 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-15 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-16 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရေနံဓာတုဗေဒစက်ရုံ(သံပုရာကန်)ကိုလည်း မွမ်းမံပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရန်အတွက် ဖွင့်လှစ်ပေးထားသော စက်မှုသင်တန်းကျောင်း(မန္တလေး)ကို တွေ့ရစဉ်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနက ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုပ်လုပ်မှုစက်ရုံကို သာဂရစက်မှုနယ်မြေတွင် တည်ဆောက်ပေးထားသည်။

ကျွန်တော်တို့မျှော်မှန်းသည့် အနာဂတ်နိုင်ငံတော်သစ်အတွက် လျှပ်စစ်စွမ်းအားကဏ္ဍသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်အပိုင်းက လျှပ်စစ်စွမ်းအားကဏ္ဍ တိုးတက်မြှင့်တင်ရေး အစဉ်တစိုက်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို အထင်အရှားတွေ့ရှိနိုင်ပါသည်။ ၂၀၁၁ ခုနှစ် မတ်လအထိ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ လျှပ်စစ်စက်တပ်ဆင်အားကို ကြည့်လျှင် စုစုပေါင်း ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏ ကီလိုဝပ်နာရီသန်းပေါင်း ၁၈၇၆၅ သန်းရှိသည်ကို တွေ့ရှိရပါသည်။ စက်ရုံများအနေဖြင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးရုံ ၁၇ ရုံ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးရုံ ၁၅ ရုံ စုစုပေါင်း ၃၂ ရုံဖြင့် ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေခြင်း ဖြစ်ပါသည်။ ထို့ပြင် အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းများ အနေဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက စီမံကိန်း ကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု စုစုပေါင်း ၆၇ ခုဖြင့် စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ အနာဂတ်တွင် လျှပ်စစ်စွမ်းအားကဏ္ဍအတွက် လုံးဝစိတ်ချအားထား ရနိုင်သည့် အခြေအနေကောင်းကို တက်လှမ်းနေပြီဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၈။ လျှပ်တစ်ပြက်
- ၄း၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
- ၄း၅၅ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၃၅)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၃)**
- ၂၆။ Mini Series
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းအမှတ်စဉ်(၈/၁၁)
Diploma in Teacher Education Competency Training
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း အမှတ်စဉ်(၈/၁၁)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ **အခြေခံပညာကျောင်းသင်ဘာသာရပ်ဆိုင်ရာ** ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ ဝိဇ္ဇာဘွဲ့(ပထဝီဝင်)၊ ဝိဇ္ဇာဘွဲ့(သမိုင်း)၊ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)၊ သိပ္ပံဘွဲ့(သင်္ချာ)၊ သိပ္ပံဘွဲ့(ရူပဗေဒ)၊ သိပ္ပံဘွဲ့(ဓာတုဗေဒ)၊ သိပ္ပံဘွဲ့(ရုက္ခဗေဒ)၊ သိပ္ပံဘွဲ့(သတ္တဗေဒ)နှင့် ယဉ်ကျေးမှုတက္ကသိုလ်အတွက် ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ဂီတ) တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၃၀) နှစ်ထက်မကြီးသူဖြစ်ရမည်။

(င) စေလွှတ်သည့် ပညာရေးကောလိပ်သို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံပါမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာပူးတွဲတင်ပြရမည်။ မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာနှင့် ဌာနခွင့်ပြုချက်တို့ကိုပါ** ပူးတွဲတင်ပြရမည်။ ဝန်ထမ်းများသည် လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

၅။ သင်တန်းကာလမှာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်မှ ၂၀၁၂ ခုနှစ် ဩဂုတ်လလယ်အထိ ဖြစ်ပါသည်။ သင်တန်းကြေးအဖြစ် တစ်လလျှင် ကျပ်(၁၅၀၀) ပေးသွင်းရပါမည်။

၆။ သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာလက်မှတ် (Diploma in Teacher Education Competency) ချီးမြှင့်ပေးပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပေးမည်။

၇။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေ ဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၁ ခုနှစ်၊ ဇွန် လ ၁၁ ရက်တွင် သက်ဆိုင်ရာ ခရိုင်ရုံးစိုက်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စစ်ဆေးမည် ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရသူများသည် သက်ဆိုင်ရာ ပညာရေးကောလိပ်သို့ ရောက်ရှိချိန်တွင် ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် သွင်ပြင်လက္ခဏာအင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးခံရမည်ဖြစ်ပါသည်။ ဆရာတစ်ဦး၏ အင်္ဂါရပ် အရည်အချင်းနှင့် ပြည့်စုံမှုမရှိဟု သတ်မှတ်ခံရပါက သင်တန်းတက်ရောက်ခွင့်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။ အသက်ထောက်ခံချက်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ လျှောက်ထားသူများသည် ပူးတွဲပါ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ၆ လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ [မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ(၁)ပုံ၊ မျက်မှန်မပါ ဓာတ်ပုံ (၁)ပုံ]တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများသို့ ၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ။ ၂၀၁၁ခုနှစ်၊ ဧပြီလ ၂၄ရက်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း
အမှတ်စဉ်(၈/၁၁)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	**အမည်**	**နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်**	**ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း**
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် - - - - - - - - - ခုနှစ် - - - - - - - - - - လ - - - - - - - - - ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ် - - - - - - - - - - ခုံအမှတ် - - - - - - - - - -
စာစစ်ဌာနနှင့်ပြည်နယ်/တိုင်းဒေသကြီး -
၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ -
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် -
၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်းရှိ/မရှိ -
ရှိပါကသင်တန်းအမည် -
၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် -
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ -
- -
၈။ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

- - - - - - - - - - - -
လျှောက်ထားသူလက်မှတ်

ရက်စွဲ။ ၂၀၁၁ ခုနှစ်၊ - - - - - လ၊ - - - - - ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး
သမဝါယမပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ
ညွှန်ကြားမှုအဖွဲ့
လက်မှတ်ရစာရင်းရေးစာရင်းကိုင်သင်တန်း
(Certificate in Book-Keeping and Accountancy)
၁/၂၀၁၁-၂၀၁၂အတွက် သင်တန်းသားခေါ်ယူခြင်း

၁။	ဖွင့်လှစ်မည့်နေရာ	-	သမဝါယမသင်တန်းကျောင်း ပုသိမ်။
		-	မော်လမြိုင်၊ တောင်ကြီး၊ မကွေး။
၂။	သင်တန်းကာလ	-	(၃)လ၊ (၁၇)ရက်
၃။	သင်ကြားမည့် ဘာသာရပ်များ	-	Book-Keeping and Accountancy, Advanced Accountancy, Computerized Accounting Economics, Co-operative
၄။	ဖွင့်လှစ်မည့်ရက်	-	၃-၅-၂၀၁၁ ရက်
၅။	လျှောက်လွှာ လက်ခံမည့်ရက်	-	ကြော်ငြာပါသည့်နေ့မှစ၍
၆။	လျှောက်လွှာပိတ်ရက်	-	၂-၅-၂၀၁၁ ရက်
၇။	သင်တန်းဝင်ခွင့် အရည်အချင်း	-	တက္ကသိုလ်ဝင်တန်းအဆင့် သင်ယူပြီးသူများ
၈။	လျှောက်လွှာ ဝယ်ယူရမည့်နေရာ	-	သမဝါယမသင်တန်းကျောင်းများ
၉။	လျှောက်လွှာ တင်ရမည့်နေရာ	-	တက်ရောက်လိုသည့် သင်တန်းကျောင်းသို့ တိုက်ရိုက်လျှောက်ထားရန်။

၁၀။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၃၂၀(တောင်ကြီး)၊ ဖုန်း-၀၅၇-၂၇၀၇၈(မော်လမြိုင်)၊ ဖုန်း-၀၄၂-၂၁၆၂၂(ပုသိမ်)၊ ဖုန်း၀၆၃-၂၃၁၅၅(မကွေး)နှင့် ဖုန်း-၀၆၇-၄၁၀၃၄၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



မဏိစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ
အတတ်သင်ပေးသည်
(လက်မနည်း၊ စင်တီမီတာနည်း)

၁။ (က) ဘလောက်စ်ဒီဇိုင်း ၁၅၀+ကုတ်ပုံဆန်းအမျိုးမျိုး
(ခ) မြန်မာအင်္ကျီခါးတို (ဂ) ကလေးဝတ်စုံ
(ဃ) ရှပ်+ဂျာကင်+ဂွိုင်း (င) စကတ်အမျိုးမျိုး+ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သီးသန့်သင်တန်း
၃။ စက်ကြီးပန်းထိုး+စက်သေး+လက်ရေးပန်းချီသင်တန်း
၄။ အိမ်တွင်းအသင့်ချုပ်နိုင်ရန်ညှပ်ပြီး ပုံဆန်းအမျိုးမျိုးဝယ်ယူနိုင်ပါသည်။
၅။ ရပ်ဝေးသူများအတွက် နေရေးစားရေးစီစဉ်ပေးသည်။

ဆိုင်အမှတ်(၁)၊ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဆိုင်အမှတ်(၂)၊ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ (၃၇)လမ်းနှင့် (၃၈)လမ်းကြား

ဖုန်း-၃၈၈၂၃၃၊ ၃၇၅၀၀၄၊ ၀၉-၅၀၀၇၆၅၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၁၀-၅-၂၀၁၁ ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၈-၅-၂၀၁၁ရက်တွင်ဖွင့်ပါမည်။ ၂၅-၄-၂၀၁၁ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ "သ"လိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၅-၂၀၁၁ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၆၀၈၅၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ်(၂၂၃)ကို ၅-၅-၂၀၁၁ ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၇-၅-၂၀၁၁ရက်တွင်ဖွင့်ပါမည်။
- ၁၉၉၃ ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
- သင်တန်းကြေးကို သက်သာသော အထူးနှုန်းဖြင့် ဆောင်ရွက်ပေးသည်။
- သင်မောင်းလိုင်စင်နှင့်"ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန် - ပုဇွန်တောင်စာတိုက်နှင့် အသင်းတိုက်မှတ်တိုင်ကြား
- အထူး-၃၄၊ ၃၃၃၊ ၂၁၃၊ ၅၀၊ ၄၂စီး အသင်းတိုက်မှတ်တိုင်ဆင်းရန်။
ဖုန်း-၀၁-၂၉၀၃၁၂

သိန်းသန်းကုဋေကုဋာ (အမြန်ပို့ဝန်ဆောင်မှုလုပ်ငန်း)

- ♦ နေပြည်တော်မှ ရန်ကုန်သို့၊ ရန်ကုန်မှ နေပြည်တော်သို့၊ ရန်ကုန်မြို့တွင်း အချင်းချင်းသို့။
- ♦ စာများ၊ ပါဆယ်များ၊ ကြော်ငြာစာများ၊ အရောင်းမြှင့်တင်စာများ၊ ဖိတ်စာများနှင့် အခြားပစ္စည်းများကို **"နေရာအရောက်" အမြန်**ပို့ပေးပါမည်။
- ♦ ဖုန်းသာဆက်လိုက်ပါ။ **(အိမ်တိုင်ရာရောက်လာယူပါမည်။)**

ဖုန်း-၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

Capacity Enhancement Program
သင်တန်းဖွင့်မည်

ဘွဲ့ကြိုသင်တန်းတက်ရောက်နေသူများ၊ ဘွဲ့ရရှိပြီးသူများအတွက် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကို နည်းစနစ်တကျ ကျွမ်းကျင်စွာ စီမံခန့်ခွဲဆိုင်ရာ နည်းလမ်းများဖြင့် အဆင့်မြှင့်တင်ပေးရေး၊ အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပေးခြင်းဖြင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ လူတစ်ဦးချင်းစွမ်းဆောင်နိုင်မှု မြှင့်တင်ပေးခြင်းဖြင့် အဖွဲ့အစည်းတစ်ရပ်လုံး စွမ်းဆောင်ရည်မြှင့်တင်စေရေးအတွက် အောက်ဖော်ပြပါ Special Guidance Areas ပို့ချပါမည်။

- ♦ Business Ethics & Etiquette
- ♦ Self-Management
- ♦ Leadership Skills
- ♦ Communication Skill & Public Speaking
- ♦ Emotional Quotient
- ♦ Health Education (Health & Hygiene)
- ♦ PowerPoint Presentation Skills
- ♦ Office Management
- ♦ Human Trafficking

ဆက်သွယ်ရန် အခန်း(၁၀၆)၊ ပန်းခြံတာဝါအမှတ်(၈)၊ ဗားကရာလမ်း (အနော်ရထာ တာယာဆိုင်ရှေ့)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၃၈၅၃၁၊ ၅၃၈၅၁၇
Email:bcbcentre@mptmail.com.mm,bcbcentre 009@gmail.com



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

iPad 2 ပြည်တွင်းဈေးကွက်သို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၂၄

Apple ကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော ဒုတိယမျိုးဆက်သစ် Touch Screen Tablet ကွန်ပျူတာဖြစ်သော iPad 2 ပြည်တွင်း၌ ယခုနှစ် မတ်လတွင် စတင်ဝင်ရောက်ခဲ့သည်။

iPad 2 တွင် WiFi နှင့် WiFi +3G အမျိုးအစား နှစ်မျိုးကို ထုတ်လုပ်ထားပြီး သိုလှောင်သိမ်းဆည်းနိုင်စွမ်းအရ 16GB, 32GB နှင့် 64GB ဟူ၍ သုံးမျိုးထုတ်လုပ်ထားသည်။ iPad 2 တွင် မူလ iPad များနှင့် အရွယ်အစား ကွာခြားချက်မရှိသော်လည်း iPad 2 မှာ ပိုမိုပါးလွှာပြီး အလေးချိန်မှာလည်း ယခင် iPad များထက် ပိုမိုပေါ့ပါးသောကြောင့် သယ်ဆောင်ရလွယ်ကူပြီး အသုံးပြုထားသော OS စနစ်မှာ Version 4.3 မှ စတင်ဝင်ရောက်လာသကဲ့သို့ CPU စနစ်မှာလည်း ပိုမိုကောင်းမွန်လာခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၆ ကော်လံ ၃ သို့ ❑

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ (၄၆၉)

မြင်းခြံမြို့ စိမ်းလန်းစိုပြည်ရေး သစ်ပင်များတိုးချဲ့စိုက်ပျိုး ယာဉ်ယန္တရားများကြံ့ခိုင်ရေး မန္တလေးမြို့တော်ဝန် မှာကြား

မန္တလေး ဧပြီ ၂၄

မြင်းခြံမြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးသွားရေးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများ ကြံ့ခိုင်မှုရှိရေးအတွက် တာဝန်ရှိသူများအား မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က မှာကြားသည်။

မန္တလေးမြို့တော်ဝန်သည် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဧပြီ ၂၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မြင်းခြံမြို့နယ်မှ တာဝန်ရှိသူများအား ယင်းကဲ့သို့ မှာကြားခဲ့ခြင်းဖြစ်သည်။

မန္တလေးမြို့တော်ဝန်သည် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှု၊ မြို့ရေပေးရေးယာဉ်များနှင့် အမှိုက်သိမ်းယာဉ်များ၏ ကြံ့ခိုင်ရေးအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(၄၆၉)

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလေပွေ့ချောင်း ဒီရေတောအတွင်း ရေငန်ပုစွန်ကျားသားပေါက်များ မျိုးစိုက်ထည့်

ကျောက်ဖြူ ဧပြီ ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော မြန်မာ့ပင်လယ်ပြင် ရေသယံဇာတ တိုးပွားရေးနှင့် ငါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတ် ၁၄ ရက် နံနက်ပိုင်းက ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ ငလေပွေ့ချောင်းတွင် ရေငန်ပုစွန်ကျားသားပေါက် ကောင်ရေ ၁၅ သိန်း မျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပသည်။

မျိုးမသုဉ်းစေရေး

အဆိုပါ အခမ်းအနားတွင် ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ရေငန်ပုစွန်ကျားသားပေါက်များကို လွှဲပြောင်းပေးအပ်ပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းနှင့် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်တို့က ရေငန်ပုစွန်ကျားသားပေါက်များ မျိုးမသုဉ်းစေရေးအတွက် မြန်မာ့ပင်လယ်ပြင်အတွင်း မျိုးစိုက်ထည့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများက ငလေပွေ့ချောင်း ဒီရေတောအတွင်းသို့ ရေငန်ပုစွန်ကျား သားပေါက်များကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)